မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၅

၂၀၀၇ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်၏ (၆၁)နှစ်မြောက် မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပြင့်ဆောင်ရန် ဆွေးနွေးဆုံးဖြတ်တော်မူ

ရန်ကုန် ဇူလိုင် ၁၄

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းမဏ္ဍပ်၌ ဆက်လက်ကျင်းပပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

တစ်နိုင်ငံလုံးကိုယ်စားပြု တိုင်းပြု ပြည်ပြု ညီလာခံ

အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၊ တစ်မျိုးသားလုံး၏ ဆန္ဒကို ထင်ဟပ်အခြေခံသည်။ အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်သည်။ တိုင်းပြု ပြည်ပြု မွန်မြတ်သောလုပ်ငန်းလည်းဖြစ်သည်။ အမျိုးသားညီလာခံသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော တိုင်းပြု ပြည်ပြုညီလာခံပင်ဖြစ်သည်။

ကျော်စိုး (ကျိုက္ကမီရော) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည် ဆောင်းပါး (စာ ၈ – ၉) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၅ ရက်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

၂၀၀၇ခုနှစ် ဇူလိုင်လ ၁၅ရက်**(ယနေ့)**သည် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး နေ့ ဖြစ်သည်။

နိုင်ငံတော်က အခြေခံပညာကျောင်းများ သပ်ရပ်သစ်လွင် ကောင်းမွန်စေရန် ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ကျောင်းသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် သစ်ပင်၊ ပန်းမန်၊ သီးပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်စေလျက် ရှိသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် အရိပ်ရစေသည်။ သစ်ပင်များ၏ စိမ်းစိုလန်းဆန်းမှုကို ရှုမြင်ရသဖြင့် မြင်ရသူတို့၏ စိတ်ဘဝင်ကို ရွှင်ကြည် လန်းဆန်းစေသည်။ ပန်းအလှပင် မျိုးစုံသည် ပတ်ဝန်းကျင်ကို မွှေးပျံ့ကြည်လင် အေးမြစေသည်။ သီးနှံပင်များ စိုက်ပျိုးခြင်းသည် ဝင်ငွေရရှိစေပြီး ဟင်းလျာအဖြစ် စားသုံးနိုင်သည်။

ကျောင်းနှင့်ဝန်းကျင်တွင် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည်။ သစ်ပင်၊ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်နေခြင်းသည် အမြင်တင့်၍ ရင်တွင်း အေးမြစေသည်။

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအပြင် ကျောင်းသားလူငယ်များ အေးချမ်း ပျော်ရွှင် အောင်မြင်တိုးတက်ရေးအတွက် **"ရေသန့်၊ လေသန့်၊ လက်သန့်၊ အစာသန့်၊ အိမ်သာသန့်သော"** ကျန်းမာသည့် ပတ်ဝန်းကျင်သည် မဖြစ်မနေ လိုအပ်သည်။

ယခုအခါ အမှိုက်ကင်းစင်ကျောင်း၊ ဆေးလိပ်ကင်းစင်ကျောင်း၊ မူးယစ်ကင်းစင်ကျောင်း၊ ခြင်၊ ယင် ကင်းစင်ကျောင်းဟူသော **"စင်လေးစင်"** စီမံချက်ကို ချမှတ်ဖော်ဆောင်လျက် ရှိသည်။ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းမှ အမြင်ဆန်းသစ်၍ စိတ်ရွှင်လန်းစေမည်ဖြစ်သည်။

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပသန့်ရှင်းရေးအတွက် နိုင်ငံ တစ်ဝန်းလုံးရှိ ကျောင်းများအားလုံးမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး တစ်ခဲနက် ပါဝင်ဆင်နွှဲသွားကြခြင်းဖြင့် ကျောင်းပရိဝုဏ်အနှံ့ အစဉ်ထာဝရ သာယာလှပနေမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက်က နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရေးဦးစွာ လယ်ဝေးမြို့နယ်ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာ စရိယ ဘဒ္ဒန္တ ဇနိန္ဒထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး **(အပေါ်ပုံ)**ဆရာတော်၊သံဃာတော်များ က ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်၊ သံဃာ တော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အရဏ်ဆွမ်းဆက်ကပ်

ယင်းနောက် ဝန်ကြီးနှင့် ဌာန ဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ်၃၀နေ ဦးတင်မြတ်-ဒေါ်မြင့်မြတ်ငြိမ်း (ခ)ဒေါ်ငြိမ်းမြ လက်ထပ်မင်္ဂလာ (၅၁)နှစ်မြောက် အထိမ်းအမှတ်၊ သမီး မမြတ်မြတ်သင်း (ငြိမ်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)က ဒဂုံ မြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂) စတင်ဖွင့်လှစ်သည့် ၁၉၆၃ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း ကျောင်းဝင်ခဲ့သည့် အတန်း ခုနစ်တန်း၏ ဒုတိယအကြိမ်မြောက် စုပေါင်းမြတ်ဆရာကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ တပ်မတော်ပန်းခြံရှေ့ MS Food Centre ၌ ကျင်းပရန် စီစဉ်ထားသည်။

အနယ်နယ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများ ယင်းအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြတ်ဆရာ ကန်တော့ပွဲကိစ္စ အဝဝနှင့် ပတ်သက်၍ ဒေါက်တာဦးဝင်းမြင့် ဖုန်း- ၆၄၃၃၁၇၊ ဒေါက်တာဦးစိုးမင်းသိန်း (ခ) စိုးအောင် ဖုန်း- ၂၉၃၉၆၃၊ဒေါက်တာဦးစိုးသန်း ဖုန်း- ၂၂၆၈၅၅၊ ဒေါက်တာဦးကျော်မိုး ဖုန်း- ၃၈၂၁၇၇၊ဒေါက်တာလူစီကျော်မြ ဖုန်း- ၆၆၄၉၄၂၊ ဒေါက်တာ ခင်မောင်မောင်သန်း ဖုန်း-၆၅၀၅၃၄နှင့် ဒေါက်တာ သန့်လွင်မောင် ဖုန်း-၅၂၇၆၅၆တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၅-၇-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်ခွင့်ပန်မယ် နည်းလမ်းသုံးသွယ်**
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၅။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၆:၄၅	၁၂။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၁၁)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း-၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၇ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	တစ်စိတ်နှင့် ယှဉ်ခိုက် ခန္ဓာကို အကျိုးရှိအောင်အသုံးချပါ တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	ချမ်းမြေ့စေတာ ချမ်းမြေ့မှာထာဝရရိပ်သာ
၉:၁၅	နိုင်ငံတကာအနုပညာရေးရာ
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	အားမာန်ဝင့်ချီအားကစားဟော်ကီ
၁၀:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅	အင်တာနက် Online ပေါ်မှ စိတ်ဝင်စားဖွယ်ရာ 'Website'
၁၂:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅	Movie Mistakes (TITANIC)
၁၂:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀	နာတာရှည်ကျောက်ကပ် အလုပ်မလုပ် (သို့) အားနည်းရောဂါ အကြောင်း (ပါမောက္ခ ဒေါက်တာ ခင်မောင်ဌေး)
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။
MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	ပွဲစဉ်	ပြသမည့်လိုင်း
ညနေ ၄:၅၀	တရုတ်-အီရန်	MRTV-4 (Live)
ည ၇:၀၅	ဘာရိန်း-တောင်ကိုရီးယား	MRTV-4 (Live)

ပြည်သူများအားသတင်းအမှန်များသိရှိစေရန် အချိန်မီထုတ်လွှင့်ပေး မီဒီယာခေတ်နှင့်အညီ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင်ဆောင်ရွက် ပေးအပ်ထားသည့်တာဝန်များအောင်မြင်ရေး တက်ညီလက်ညီကြိုးပမ်း

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) ဓာတ်လမ်းရုပ်ရှင်(အသံခန်းမ)၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့်ပြည်သူများအတွက် Media လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပြည်သူများအား ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် ပြန်ကြားပေးရန် တာဝန်များအပြင် ပြည်ပမှ Media ဖြင့် မဟုတ်မမှန် လုပ်ကြံ ထိုးနှက်ချက်များကို တန်ပြန်ခြင်း၊ ပြည်သူများအား သတင်းအမှန်များ သိရှိစေရန်အချိန်မီ ထုတ်လွှင့်ပေးခြင်းနှင့် Media ခေတ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းစသည့် တာဝန်များကိုလည်း အောင်မြင်စွာ ဖော်ဆောင်လျက်ရှိကြောင်း။

ဝိုင်းဝန်းကူညီ

အဆိုပါ လုပ်ငန်းများအောင်မြင်စွာ ဖော်ဆောင်နိုင်ခြင်းမှာ မိမိတို့ ဝန်ကြီးဌာနနှင့် ဆက်စပ်နေသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ဗီဒီယို ဆင်ဆာအဖွဲ့၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၏ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ကြောင်း။

ထို့အပြင် ရုပ်ရှင်၊ ဗီဒီယို ထုတ်လုပ်သူများ၊ စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးဆောင်ရွက်မှုကြောင့် ဖြစ်သည်ဟုလည်း ပြောကြားလိုကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနနှင့်လုပ်ငန်းများ၏ နှစ်ပတ်လည်နေ့များကို ရည်ရွယ်ချက်နှစ်ချက်ဖြင့် ကျင်းပလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြန်မာ့ရုပ်ရှင်လုပ်ငန်း အနေဖြင့် ယမန်နှစ်က ချမှတ်ထားသည့်လုပ်ငန်းတာဝန်(၉)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော်လည်း ယခင်နှစ်က ချို့ယွင်းအားနည်းချက်များကို လေ့လာသုံးသပ်ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ပေးအပ်မည့် တာဝန်များကိုလည်း အောင်မြင်အောင် ဝန်ထမ်းများ အားလုံးက တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာ့ရုပ်ရှင်လုပ်ငန်း အနေဖြင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်လုပ်ငန်းတာဝန် (၁၀) ရပ်မှာ-

(၁) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် Media နည်းဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ဌာနဝင်ငွေတိုးတက်ရရှိအောင် ရှာဖွေရန်၊

(၃) မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ရန်၊

(၄) မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုကားများ ပြည်ပကို ထိုးဖောက်ပြသနိုင်အောင်၊ ဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်၊

(၅) ပြည်တွင်း Media Cover ဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပရုပ်ရှင်ကား၊ ဗီဒီယိုကားများကို မြန်မာ့ယဉ်ကျေးမှုလေ့စရိုက်လက္ခဏာနှင့်အညီ စိစစ်ကြီးကြပ်ထိန်းသိမ်းရန်၊

(၇) နိုင်ငံတော်က နှစ်ရှည်ငှားရမ်းထားသည့် ရုပ်ရှင်ရုံများ ပြုပြင်ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ရန်၊

(၈) ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို ပိုမိုဆောင်ရွက်ပေးနိုင်အောင် ဆောင်ရွက်ရန်၊

(၉) ဌာနပိုင် ရုပ်ရှင်ကိရိယာများ အဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်ရန်၊

(၁၀) ခြိုးခြံချွေတာရန်တို့ ဖြစ်ကြောင်း။

ယနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ခံရသော ဌာနခွဲ၊ ရုံးခွဲများ၊ လုပ်ငန်းစုရုံးများ၊ ဝန်ထမ်းများအနေဖြင့် နောင်နှစ်များတွင် ဆုဆက်လက်ရရှိအောင် ကြိုးပမ်းကြရန်နှင့် ဆုချီးမြှင့်ခြင်းမခံရသေးသူများကလည်း ဆုရရှိအောင် ကြိုးပမ်း သွားကြရမည်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ယှဉ်ပြိုင်မှု ပုံသဏ္ဌာန်၊ စနစ်၊ နည်းလမ်းများကို ဌာနအတွင်း သုံးသပ်ဖော်ထုတ်ပြီး ဝန်ထမ်းများပိုမိုစိတ်ထက်သန်၊ တက်ကြွလာစေရန် စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျေပွန်အောင်ထမ်းဆောင်

နိဂုံးချုပ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ထမ်းများ၏ဘဝလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟူသော အသိစိတ်ဓာတ်ဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်နှင့် နိုင်ငံ၊ ဌာန၊ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်အောင် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သည့် (၂၀၀၆)ခုနှစ် အတွက် ပြည်သူ့ဝန်ထမ်းကောင်း ဆုတံဆိပ်ရရှိသော မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၂၀၀၅)ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များနှင့် ဗီဒီယိုဆင်ဆာ အဖွဲ့ဝင်များ စုစုပေါင်း၅၆ဦး တို့အတွက် ဂုဏ်ပြုဆုများကို အဖွဲ့ဝင်များကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက်ကျော်လွန်၍ ဘဏ္ဍာငွေ အများဆုံး ရှာဖွေရရှိခဲ့ကြသည့် ဌာနခွဲ/ရုံးခွဲများကိုလည်းကောင်း၊ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက်ကျော်လွန်၍ ဘဏ္ဍာငွေ အများဆုံး ရှာဖွေရရှိခဲ့ကြသည့် လုပ်ငန်းစုရုံးများကိုလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ ဓာတ်လမ်းရုပ်ရှင်ရုံးခွဲ၊ မော်ကွန်းရုပ်ရှင်ရုံးခွဲနှင့် ရန်ကုန်ရုံးခွဲဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) ဦးမြင့်ဝေအားလည်းကောင်း၊ အောက်မြန်မာနိုင်ငံရုံးခွဲ ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး ဦးလှဆွေ အားလည်းကောင်း၊ အထက်မြန်မာနိုင်ငံရုံးခွဲ ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးမှာကြား

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဓာတ်လမ်းရုပ်ရှင်ရှိ အသံကူးပြောင်းခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြည်ပမှ ဝယ်ယူ၍ ပထမအသုတ်အဖြစ်ရောက်ရှိလာသော ဖလင်ပေါ်သို့ Digital အသံသွင်းသည့် အသံဖမ်းစက် (Optical Recorder) နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပညာရှင်များနှင့် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း (ရုံးချုပ်)ဝင်းအတွင်း ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ဂုဏ်ပြုဆုပေးပွဲတွင် **အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

မြို့မရွှေကျောင်း၌ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ရခိုင်ပြည်နယ် ကျောက်တော်မြို့ မြို့မရွှေကျောင်း၏ ကျောင်းတိုက်၌ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့)တွင် သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

✡ **ရှေ့ဖုံးမှ**

တက်ရောက်ကြည်ညို

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ဝေဖန်ဆွေးနွေး

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြရာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များကို မန္တလေးတိုင်း မိတ္ထီလာမြို့ ရွှေဘုံသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် မိုးကောင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဓမ္မာစာရကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့ မင်္ဂလာကန်ဦးကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဝါယမက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

အတည်ပြုချက်ရယူ

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၃ ရက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)မှ ယနေ့အထိ တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရီဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အစည်းအဝေး၏အတည်ပြုချက်ကို ရယူတော်မူသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် ဒုတိယ (လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ အားလုံးက **"ဇယန္တော ဗောဓိယာမူလေ"** အစချီနှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ ညနေပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဇောတိ ဇောတရေ ဒူးရင်းသီး ဦးစိုးမြင့်နှင့် ဇနီး ဒေါ်ခင်မာရီ မိသားစုက ယနေ့တွင် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

15-7 (03) 1 7/15/07, 2:57 AM

✳ ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းများမှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဖိတ်ကြားထားသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သည်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့စီးပွားရေးအသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံရခြင်းမှာ နိုင်ငံတော်ကို ဘက်ပေါင်းစုံမှဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏စီမံဆောင်ရွက်နေမှုများကို သိရှိကြစေရန်လည်းကောင်း၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် နည်းမှန်လမ်းမှန် ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ဝန်ကြီးများ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ကြုံတွေ့ရသော အခက်အခဲများကို ပူးပေါင်းဖြေရှင်းနိုင်စေရန်လည်းကောင်းစသည့် ရည်ရွယ်ချက်များဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း။

ငါးနှစ်စီမံကိန်း

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတိုငါးနှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လာခဲ့ပြီး ယခုဆိုလျှင် စတုတ္ထကာလတိုငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ငါးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏ ဂျီဒီပီသည် ၁၂ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သကဲ့သို့ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့သည်လည်း တိုးတက်ခဲ့ကြောင်း။

၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဆန်စပါးထွက်ရှိမှုသည် နှစ်ဆကျော်၊ ပဲမျိုးစုံသည် ၁၁ဆကျော်၊ ဆီထွက်သီးနှံသည် သုံးဆခွဲကျော်၊ သားငါးကဏ္ဍသည် လေးဆကျော် တိုးတက်ထွက်ရှိခဲ့ကြောင်း၊ နိုင်ငံတော်က လိုအပ်သော စီးပွားရေးအခြေခံအဆောက်အအုံများကို နှစ်စဉ်တိုးချဲ့ရင်းနှီး တည်ဆောက်ပေးခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကအပိုင်းကလည်း ပူးပေါင်းပါဝင်အားထုတ်ကြိုးစားလုပ်ကိုင်ခြင်းကြောင့်လည်းကောင်း တိုးတက်လာခြင်းဖြစ်ကြောင်း။

လယ်ယာထွက်ကုန်သီးနှံများ တိုးတက်ထွက်ရှိလာမှု၊ စက်မှုထုတ်ကုန်တိုးတက်ထုတ်လုပ်လာနိုင်မှုတို့ကြောင့် ပို့ကုန်၊ သွင်းကုန်ကူးသန်းရောင်းဝယ်သည့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိကြောင်း။

၂၀၀၂-၂၀၀၃ ခုနှစ်မှစ၍ နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ဒေါ်လာသန်း ၅၃၀၀ကျော်ခဲ့ပြီး ပိုငွေစတင်ပြခဲ့ကြောင်း။

ထိုနှစ်မှစ၍ နိုင်ငံခြားကုန်သွယ်မှု စာရင်းရှင်းတမ်း၌ နှစ်စဉ်ပိုငွေပြခဲ့ရာ ပြီးခဲ့သော ၂၀၀၆-၂၀၀၇ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၈၀၀၀ကျော်အထိ တိုးတက်လာပြီး ပိုငွေမှာလည်း ဒေါ်လာသန်း၂၀၀၀ကျော်ခန့် ပြခဲ့သည်အထိ အောင်မြင်လာခဲ့ကြောင်း။

ပို့ကုန်ပိုင်း၌ လယ်ယာထွက်ကုန် ကဏ္ဍ၊ ရေထွက်ကုန်ကဏ္ဍ၊ သတ္တုတွင်းထွက်ကဏ္ဍ၊ သစ်တောထွက်ကဏ္ဍ၊ စက်မှုကုန်ချောနှင့် အခြားပစ္စည်းအုပ်စုအားလုံး နှစ်စဉ်တိုးတက်လာသကဲ့သို့ သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းစသည်တို့ကို ကုန်သည်လုပ်ငန်းရှင်များ လိုအပ်ချက်အတိုင်း တင်သွင်းခွင့်ပြုလျက်ရှိကြောင်း။

ရည်မှန်းချက်ထား

နိုင်ငံတော်အပိုင်းအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတိုးတက်ရေး၊ တိုင်းရင်းသားကုန်သည် လုပ်ငန်းရှင်များ ကူးသန်းရောင်းဝယ်မှုကျွမ်းကျင်လာပြီး ပြည်ပသို့ ထိုးဖောက်နိုင်သည်အထိ ရည်မှန်းချက်ထား၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပို့ကုန်သွင်းကုန် လိုင်စင်စာရွက် စာတမ်းများကို ရှေးယခင်က တောင်းခံသည့် အရေအတွက်ထက် ထက်ဝက်ခန့် လျှော့ချခြင်းဖြင့် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မရှိအောင် စီမံပေးခဲ့ကြောင်း၊ ထို့အတူ ယခင်က သွင်းကုန်တင်သွင်းရာတွင် ဦးစားပေးပစ္စည်း ၈၀ ရာခိုင်နှုန်း၊ ကြိုက်ရာပစ္စည်း ၂၀ရာခိုင်နှုန်း၊ တွဲဖက်တင်သွင်းခွင့်ပြုခြင်းအစား မိမိကြိုက်နှစ်သက်ရာပစ္စည်းကို ၁၀၀ရာခိုင်နှုန်းအထိ တင်သွင်းခွင့်ပြုလျက်ရှိကြောင်း။

အလားတူပင် ပို့ကုန်တင်ပို့သူရော သွင်းကုန်တင်သွင်းသူပါ ပိုမိုလွယ်ကူစေရန် တိုင်းရင်းသားလုပ်ငန်းရှင် အချင်းချင်း earning ငွေကို account transfer လုပ်ခွင့်ပြုခဲ့ကြောင်း။

ထို့အပြင် တစ်နေရာတည်းတွင် ဌာနဆိုင်ရာများ စုစည်းဆောင်ရွက်ပေးသည့် One Stop Service ဖြင့်ဆောင်ရွက်ပေးခြင်း၊ ကွန်ပျူတာအသုံးပြု၍ ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများ မြန်ဆန်ချောမွေ့အောင် စီမံပေးခဲ့ကြောင်း၊ နယ်စပ်ဒေသများ၌ နယ်စပ်ကုန်သွယ်ရေးသာမက နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်ရေးကိုပါ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးဇုန်များနှင့် ကုန်စည်ဒိုင်များဖွင့်လှစ်ခြင်းဖြင့် မိမိနိုင်ငံအတွင်း ဈေးကွက်ရရှိရေးအတွက် ဖန်တီးပေးခဲ့ကြောင်း၊ မိမိတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုမ္ပဏီရုံးခွဲ၊ ကိုယ်စားလှယ်ရုံးခွဲများ ပြည်ပနိုင်ငံများ၌ ဖွင့်လှစ်နိုင်ရေးအတွက်လည်းအားပေး ကူညီလျက်ရှိကြောင်း။

ပို့ဆောင်ရေးလုပ်ငန်း

နိုင်ငံတော်၏ပို့ကုန်ပမာဏ တိုးမြှင့်လာသည်နှင့်အမျှ ဆိပ်ကမ်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မော်တော်ကားလမ်းများ ဖောက်လုပ်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်၊ ဆိပ်ကမ်းများထူထောင်ခွင့်၊ သင်္ဘောလိုင်း၊ လေကြောင်းလိုင်းအစရှိသည့် ပို့ဆောင်ရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံထူထောင်ခွင့်တို့ကို ခွင့်ပြုလျက်ရှိကြောင်း။

နိုင်ငံတော်၌ ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်ထားသော ကုမ္ပဏီပေါင်း ၄၀၀၀၀ကျော်ရှိသည့်အနက် ပို့ကုန်သွင်းကုန်လုပ်ငန်း အမှန်တကယ် လုပ်ကိုင်နိုင်သည့် ကုမ္ပဏီ၄၀၀၀ခန့်သာရှိကြောင်း၊ ကုမ္ပဏီအများစုမှာ အရင်းအနှီးနည်းပါးခြင်း၊ ပြည်ပဈေးကွက်မရှိခြင်းတို့ကြောင့် လုပ်ကိုင်နိုင်မှု နည်းပါးကြကြောင်း၊ ရန်ကုန်၊ မန္တလေးမှလွဲ၍ ကျန်ပြည်နယ်၊ တိုင်း၊ မြို့ကြီးများ၌ပင် နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်နိုင်သော ကုမ္ပဏီတစ်ခုနှစ်ခုသာရှိ၍ ပြည်ပသို့ကူးသန်းရောင်းဝယ်နိုင်သည့် ကုမ္ပဏီများ ရာထောင်ချီ၍ တိုးပွားလာအောင် နိုင်ငံတော်က အားပေးကူညီသွားမည်ဖြစ်ကြောင်း။

ကြိုးပမ်းလုပ်ကိုင်

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးတည်းပိုင်ကုမ္ပဏီထူထောင်၍ စွန့်စားကြိုးပမ်းလုပ်ကိုင်သွားကြရမှာ ဖြစ်သကဲ့သို့ တစ်ဦးချင်း၊ တစ်ယောက်ချင်း မတတ်နိုင်ပါက အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူ အများပိုင်ကုမ္ပဏီများအဖြစ် အစုရှယ်ယာထည့်ဝင်၍ ညီညီညွတ်ညွတ် ကြိုးပမ်းလုပ်ကိုင်သွားရမှာ ဖြစ်ကြောင်း။

ဤနေရာ၌ နိုင်ငံတော်အနေဖြင့် ထုတ်ကုန်တစ်မယ်ချင်း တိုးတက်ထုတ်လုပ်ကူးသန်းရောင်းဝယ်နိုင်ရန်အလို့ငှာ အသင်းအဖွဲ့များကို ထုတ်ကုန်တစ်မယ်ချင်းအလိုက်တိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်အထိပါ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းစေလျက်ရှိကြောင်း၊ UMFCCI က ဦးဆောင်ပြီး အသင်းအဖွဲ့အားလုံး ညီညီညွတ်ညွတ်ဖြင့် ညှိနှိုင်းတိုင်ပင်ကာ မိမိတို့ လုပ်ငန်းနယ်ပယ်အလိုက် တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းရှာကြံကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယင်းအသင်းအဖွဲ့များသည် နိုင်ငံတော်နှင့်ပုဂ္ဂလိကအကြား၌ ဆက်စပ်ပေါင်းကူးပေးသည့် အဖွဲ့အစည်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ လမ်းကြောင်းမှန်ပေါ်၌ လျှောက်လှမ်းနိုင်ရေးတို့အတွက် စည်းရုံးထိန်းသိမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အချို့ကုန်သည်လုပ်ငန်းရှင်များမှာ ဥပဒေနှင့်မညီညွတ်သော တရားမဝင်ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိနေသည်ကို တွေ့ရှိနေရကြောင်း။

အချို့ကုန်သည်များသည် Sale Contract များကို မမှန်မကန်ပြုလုပ်၍ တရားဝင်ပစ္စည်း တင်သွင်းချိန်တွင် တရားမဝင်ပစ္စည်းများပါတွဲ၍ တင်သွင်းလာခြင်း၊ အချို့ဝန်ထမ်းများနှင့်ပူးပေါင်းပြီး တရားမဝင်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိခြင်းစသည့် ဥပဒေနှင့်မညီသော လုပ်ရပ်များ ပြုလုပ်နေဆဲဖြစ်၍ အသင်းအဖွဲ့များက ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကလည်း ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့်အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နေလျက်ရှိသဖြင့် ဝန်ထမ်းများအပိုင်းက မမှန်မကန်ပြုလုပ်လာလျှင်လည်း ပွင့်လင်းစွာ ပြောဆိုထိန်းသိမ်းသွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ သွင်းကုန်ပိုင်းတွင်လောင်စာဆီနှင့်စားသုံးဆီနှစ်မျိုးကို နိုင်ငံခြားငွေ ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ တင်သွင်းနေရကြောင်း။

အလေးထားဆောင်ရွက်

ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းတို့သည်လည်း အမြဲပြောင်းလဲပြီး ဈေးနှုန်းကြီးမြင့်နေသဖြင့် တစ်ဖက်မှ ချွေတာသုံးစွဲရန် လိုအပ်လျက်ရှိကြောင်း၊ ဘိုင်အိုဒီဇယ်ထွက်ရှိသည့် ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံပင်များ တိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လောင်စာဆီနှင့် စားသုံးဆီနှစ်မျိုးစလုံးသည် အများပြည်သူအတွက် အရေးပါသဖြင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အခါအခွင့်ရစဉ် ဈေးကစားခြင်းများ ပြုလုပ်မည့်အစား နိုင်ငံတော်နှင့်အများပြည်သူအကျိုးကို ကြည့်ရှု၍ အခက်အခဲကို ဝိုင်းဝန်းကူညီဖြေရှင်းသွားကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များသည် မိမိတို့၏ ပို့ကုန်အရည်အသွေးကောင်းအောင်၊ ဈေးကောင်းကောင်းရအောင် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ ပို့ကုန်အရည်အသွေးမမှန်ဘဲ တင်ပို့ခြင်းဖြင့် ပို့ကုန်ဈေးကွက်ပျက်ပြားနိုင်သည်ကို သတိထား ဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များကလည်း နိုင်ငံခြားမှ အရည်အသွေးမမီသော ဆေးဝါး၊ စားသောက်ကုန်၊ အရည်အသွေးညံ့သော လူသုံးအိမ်သုံးပစ္စည်းများ၊ အတုအပများ တင်သွင်း၍ ပြည်သူလူထု၏ မျက်နှာမကြည့်ဘဲ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်သည့် လုပ်ရပ်များကို ရှောင်ရှားရမှာဖြစ်ကြောင်း။

အဆမတန်မြင့်မား

ယခင်အတွေ့အကြုံများအရ ပဲဈေးကွက်၌ ဈေးကစားမှု၊ လိမ်လည်မှုများ၊ သစ်သီးဝလံဈေးကွက်၌ ဈေးနှိမ်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှုကျဆင်းသည့်ဖြစ်စဉ်များရှိခဲ့သကဲ့သို့ တရားမဝင်တင်သွင်းမှုများကြောင့် တရားဝင်ပစ္စည်းများမှာ ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်သည့်ဖြစ်ရပ်များ၊ ပြည်တွင်းကုန်ဈေးနှုန်းသည် ပြည်ပကုန်ဈေးနှုန်းထက် အဆမတန်မြင့်မားလာသည့်ဖြစ်ရပ်များ၊ လက်ကားဈေးနှင့် လက်လီဈေးကွာဟမှုများစသည့် အခြေအနေများရှိခဲ့ကြောင်း၊ ယင်းအခြေအနေများကို ထိန်းသိမ်းနိုင်ရန်အတွက် ကုန်သည်အသင်းအဖွဲ့များ ဦးဆောင်၍ လက်ကားကုန်စည်ဒိုင်ကြီးများကို ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်အတန်းမီ ထူထောင်လျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းထိန်းသိမ်းရေး၊ ပြည်တွင်း ကူးသန်းရောင်းဝယ်ရေးမှ ပြည်ပကူးသန်းရောင်းဝယ်ရေးအထိ တက်လှမ်းနိုင်ရေး၊ အပင်ပိုးမွှားအန္တရာယ်ကာကွယ်ရေး၊ အလေးချိန်တင်း၊ တောင်းမှန်ကန်ရေးတို့အတွက် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ASEAN, GMS, BIMST-EC, ACMECS အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများမှာပါဝင်ပြီး နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် သဘောတူညီချက်များရှိသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် နောက်ကျ ကျန်မနေအောင် ပြုလုပ်သွားရန်လိုအပ်ကြောင်း။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်း အကျိုးစီးပွားထက် အများအားလုံးနှင့် အကျုံးဝင်သက်ဆိုင်သည့် အကျိုးစီးပွားကို အလေးထားကြရန်၊ တစ်မျိုးသားလုံးအကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးဂရုပြုကြရန် အရေးကြီးကြောင်း။

မှန်မှန်ကန်ကန်စစ်ဆေး

အထူးသဖြင့် မှာကြားလိုသည်မှာ လုပ်ငန်းရှင်များ၊ ကုန်သည်များအပိုင်းကလည်း အရည်အချင်းပြည့်မီသည့် ကုန်ပစ္စည်းများကိုသာ တင်ပို့ခြင်း၊ တင်သွင်းခြင်းပြုလုပ်ကြရန်နှင့် အရည်အသွေးစစ်ဆေးသောအဖွဲ့များ အနေဖြင့်လည်း တိတိကျကျ မှန်မှန်ကန်ကန် စစ်ဆေးပေးမှသာ ကုမ္ပဏီများ၏ ဂုဏ်သိက္ခာနှင့် တိုင်းပြည်၏ ဂုဏ်သိက္ခာကို မထိခိုက်စေမှာ ဖြစ်ကြောင်း။

တချို့ တင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်းများ အရည်အသွေးမပြည့်မီ၍ ပြန်ပို့ရခြင်းများ၊ ဖျက်သိမ်းရခြင်းများသည် ကုမ္ပဏီများကိုသာမက တိုင်းပြည်၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေကြောင်း။

အခွန်အခများကိုလည်း မှန်မှန်ကန်ကန်ပေးဆောင်ကြရန်လိုကြောင်း၊တချို့ကုမ္ပဏီများ၊ လုပ်ငန်းရှင်များသည် နည်းမျိုးစုံဖြင့် အခွန်ရှောင်ကြသည့်အတွက်ကြောင့် စာရင်းစစ်အဖွဲ့က ဝင်ရောက်စစ်ဆေးသည့်အခါ အခွန်ငွေများ အဆမတန်များစွာ ပြန်ဆောင်ရခြင်းမျိုးရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိအတွက်နှင့် နိုင်ငံတော်အတွက် အတ္တ၊ ပရ မျှတစွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မကြာမီ အမျိုးသားညီလာခံကြီး ကျင်းပပြီးစီးတော့မှာဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ခေတ်မီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အသင်းအဖွဲ့၊ ကုန်သည်၊ လုပ်ငန်းရှင်များကလည်း ကျရာအခန်းကဏ္ဍမှ ပါဝင်ကြရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ကို ယခုအချိန်ကစပြီး မြှင့်တင်ဆောင်ရွက်ရင်း အခြေခံကောင်းများရရှိအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြပါဟု ပြောကြားသွားသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင်အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူးချို့ယွင်းချက်ရှိ လူနာများအား မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်နုနုရီနှင့် မေ့ဆေးအထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးတင်မောင်ညွှန့်နှင့်အဖွဲ့၊ နေပြည်တော်ရှိ အထွေထွေရောဂါကု ဆေးရုံကြီးခုတင် (၃၀၀)မှ အာခေါင်၊ ခံတွင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်၊ မေ့ဆေးအထူးကုဆရာဝန်ကြီးဒေါက်တာ ဦးမျိုးဆွေနှင့်အဖွဲ့တို့က ခွဲစိတ်ကုသပေးကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခွဲစိတ်ကုသမှုခံယူမည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားကြပြီး အလှူငွေများကို ပေးအပ်ကြသည်။

ယင်းနောက် လူနာများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို အထွေထွေရောဂါကု ဆေးရုံကြီး ခုတင် (၃၀၀)အစည်းအဝေးခန်းမ၌ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ ချို့ယွင်းချက်ရှိ လူနာများအတွက် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ လှူဒါန်းငွေကျပ် ၃၅၀၀၀၀နှင့် ဆေးနှင့်ဆေးပစ္စည်းများအတွက် ငွေကျပ် ၆၅၀၀၀၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသော ခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေကျပ် ၇၇၀၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ခွဲစိတ် ကုသမှုအတွက် ကုန်ကျငွေကျပ် ၈၉၆၀၀၀၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက လှူဒါန်းငွေကျပ် ၃၅၀၀၀၀တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြပြီး ဗဟိုအလုပ်အမှုဆောင်ဒေါ်ထွေးထွေးညွှန့်နှင့်တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးတို့က ဆရာဝန်ကြီးများကိုယ်စား မျက်နှာ၊ မေးရိုးနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်နုနုရီအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ပျဉ်းမနားမြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမြို့နယ်အင်ဂျင်နီယာ ဦးဌေးအောင် မိသားစုက မွေးရာပါ ချို့ယွင်းချက်ရှိ လူနာများအတွက် အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ပျဉ်းမနားခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေက လက်ခံရယူပြီး ဆရာဝန်ကြီးများနှင့် အလှူရှင်တို့အား ဂုဏ်ပြု မှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှူဒါန်းငွေမှာ ငွေကျပ် ၂၀၁၆၀၀၀၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ (နေပြည်တော်)နှင့် အလှူရှင်များ၏ အလှူငွေမှာ ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် ၄၁၆၆၀၀၀ ဖြစ်ကြောင်း သိရသည်။

ဆက်လက်ဆောင်ရွက်မည်

ယနေ့ခွဲစိတ်ကုသပေးသော လူနာစုစုပေါင်းမှာ ၅၃ဦးဖြစ်ပြီး ခွဲစိတ်ကုသဆောင်ရွက်မှုကို ဇူလိုင်၁၅ရက်တွင် ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေကျပ် ၈၉၆၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းများဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့ နံနက် ၈ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၃/၁၄)၊ အဆင့်မြင့်အင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၂)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၅)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၃) သင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထူးချွန်ဆုများ ချီးမြှင့်ခဲ့

ထို့နောက် ဒုတိယဝန်ကြီးသည် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၃)တွင် စံပြသင်တန်းသားဆုရရှိသူ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဦးဝင်းနိုင်(ဦးစီးအရာရှိ)၊ စာပေထူးချွန်ဆုရရှိသူ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူးဦးသက်အောင်၊ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၄)တွင် စံပြသင်တန်းသား ဆုရရှိသူ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဌာနခွဲမှူး ဦးစိုးနိုင်၊ အဆင့်မြင့်အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသား ဆုရရှိသူ တံတားဦး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအာကာမြတ်သူ၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၅)တွင် စံပြသင်တန်းသူဆုရရှိသူ ဗန်းမော်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဒေါ်စိုးစိုးဝင်း (ပစ္စည်းထိန်း-၄)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၃)မှ ကြိမ်ဘာသာရပ်တွင် စံပြသင်တန်းသူဆုရရှိသူ လားရှိုးအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနည်းပြ ဒေါ်နန်းသန္တာအောင်နှင့် ဝါးဘာသာရပ်တွင် စံပြသင်တန်းသူဆုရရှိသူ ရေစကြိုအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းအကူနည်းပြ ဒေါ်ချိုမာမြင့်တို့အား ထူးချွန်ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူခေါင်းဆောင်များသို့ ပေးအပ်သည်။

တက်ရောက်အောင်မြင်

အဆင့်မြင့် အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၃)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား ၆၁ဦး၊ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၄)တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား ၂၉ဦး၊ အဆင့်မြင့် အင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၂)တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၂၀၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၅)တွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၅ဦး၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်း အမှတ်စဉ် (၃)တွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ၃၄ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၅၉ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ဆရာတော်ကြီး ခုနစ်ပါးအား ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက် ဗညားဒလလမ်း မြတ်သစ္စာဓာတ်ပုံတိုက်ရှိ ဦးသန်းအောင်-ဒေါ်စိန်စိန် နေအိမ်၌စတုတ္ထအကြိမ်မြောက် တိပိဋက ကောဝိဒ ဆရာတော်ကြီးခုနစ်ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ဇူလိုင်၁၇ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့ ပူးပေါင်း၍ အောင်ဗောဓိဘုရားဝင်းအတွင်း၌ ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ယင်းနေ့မွန်းတည့် ၁၂နာရီတွင် လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၈၈)ရပ်ကွက်နေ ဦးတင်အုံး-ဒေါ်သန်းသန်းအေး(ရွှေဒင်္ဂါး လက်ဖက်ရည်ဆိုင်)၌ မွန်းလွဲ ၂နာရီ၌ လည်းကောင်း ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ (၆)၊ အမှတ် (၄) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

အဆိုပါဂျာနယ်တွင် မော်ကျွန်းစိုးမြင့်၏ မြန်မာ့ခြစ်ညည်းရိုးကြက်ဆူ စိုက်ပျိုးပွဲ ခြိမ့်ခြိမ့်သဲ၊ ဒေါက်တာခင်မောင်ညို၏ ပညာသင်စရာတွေ၊ ဒေါက်တာသက်လွင်၏ ဗေဒါပန်းများ ပွင့်လန်းရာမြေ၊ မြတ်ခိုင်၏ မြန်မာ့ရုပ်ရှင်အဆင့်အတန်းကိုဘယ်လိုမြှင့်တင်ကြမှာလဲ၊ကျော်ဌေး(ဘီအေစီ)၏သိပ္ပံနှင့်နည်းပညာသတင်းများအပြင် မြန်မာနှင့်တရုတ်ဆွေမျိုးပေါက်ဖော် ရွှေလမ်းငွေလမ်း၊ ထပ်ဆင့်အားသစ်လောင်းခြင်း၊ နိုင်ငံတော်၏ စပါးကျီတိုင်းဧရာဝတီ စီးပွားရေးတစ်ဟုန်ထိုးတိုးတက်၊ ဧရာဝတီအနောက်ဘက်ခြမ်းဖွံ့ဖြိုးရေး အပြောင်းအလဲ၊ ဖွံ့ဖြိုးတိုးတက်လာသော မုံရွာစက်မှုဇုန်၊ ကွန်းချောင်းရေအားလျှပ်စစ် ၅၇ရာခိုင်နှုန်းပြီးစီး၊ ရန်ကုန်နှင့်သန်လျင်မြစ်ကူး ဒဂုံတံတားကြမ်းခင်းသွန်းလောင်း၊ အထူးစီးပွားရေးဇုန်ခြောက်ခု တည်ထောင်မည်၊ ဂျပန်မှ ရောက်ရှိလာသည့် RBE Rail Bus ၁၀စင်းဖြင့် မြို့ပတ်၊ ဆင်ခြေဖုံးနှင့် လိုအပ်ရထားလမ်းပိုင်းတွင် ပြေးဆွဲမည်။

ကမ္ဘာ့ဒုတိယရေကြောင်း ကွန်ရက်အကျယ်ပြန့်ဆုံး မဲခေါင်မြစ် တစ်ခေတ်ဆန်းပြီ၊ အာရှဖြတ်ကျော် မီးရထားလမ်းပိုင်းမှ သံဖြူဇရပ်- ဘုရားသုံးဆူလမ်းပိုင်း အပြီးသတ်လေ့လာမှုပြီးစီး၊ ကီလိုမီတာ၅၅၀၀ အာရှဖြတ်ကျော်မီးရထားလမ်း၂၀၁၅ခုနှစ်တွင် ပြီးစီးမည်၊ အမေရိကန်၏ လေကြောင်း ပစ်ခတ်တိုက်ခိုက်မှုကြောင့် အာဖဂန်ကလေးငယ် ခုနစ်ဦးသေဆုံး၊ ဒါဖာအရေးကို နိုင်ငံရေးအရဖြေရှင်းရန် အီသီယိုးပီးယားဝန်ကြီးချုပ် ပြောကြား၊ အီရတ်နိုင်ငံအား ဒုတိယ အဆိုးရွားဆုံး ချွတ်ခြုံကျနေသည့်တိုင်းပြည်အဖြစ်သတ်မှတ်၊ မြောက်ကိုရီးယား၏ ချူဓာတ်ပေါင်းဖို မကြာမီပိတ်သိမ်းရန် အမေရိကန်မျှော်လင့်၊ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့်ဇနီးကို အမှုဖြေရှင်းရန် ဆင့်ခေါ်ခြင်းစသည့် ပြည်တွင်းနှင့် ပြည်ပသတင်းစုံစုံလင်လင် ဓာတ်ပုံဝေဝေဆာဆာပါရှိကြောင်းသိရသည်။

(အပေါ်ပုံ)

ရွှေနိုင်ငံဂျာနယ် ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ကြောင်း စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ်၊ ရွှေနိုင်ငံဂျာနယ်၊ အမှတ် ၂၂၈၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာစာဆို ဒေါက်တာထီလာစစ်သူ စိန်ရတုဂုဏ်ပြုပွဲနှင့် စာတမ်းဖတ်ပွဲ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာစာဆို ဒေါက်တာထီလာစစ်သူ (Ph.D, D.Litt. F.D.MU DUBLIN IRELAND)၏ အသက်(၇၅)နှစ်ပြည့် အထိမ်းအမှတ် စိန်ရတုဂုဏ်ပြုပွဲနှင့် စာတမ်းဖတ်ပွဲကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာစာဆိုဒေါက်တာထီလာစစ်သူက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** အသက်(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် ပြည်တွင်း၊ ပြည်ပမှပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး၊ ဦးအုံ့မောင်၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်ဝင်းမွန်၊ မြဝင်း(ဒဿန)၊ သိန်းသန်းထွန်း၊ ဘိုကလေးဦးတင့်အောင်၊ မင်းဘူးအောင်ကြိုင်၊ ဦးရဲဌေး၊ ညွန့်ဝေ(ကသာ)၊ ဟင်္သာတမြင့်ငွေတို့က ဂုဏ်ပြုစာတမ်းများကို အသီးသီး ဖတ်ကြားကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် မြန်မာစာဆို ဒေါက်တာထီလာစစ်သူက ကိုယ်တိုင်ရေး စာပေများနှင့် စာအုပ်များ၊ ဖတ်ကြားတင်သွင်းခဲ့သော ဂုဏ်ပြုစာတမ်းများကို တက်ရောက်လာသူများအား လက်ဆောင်အဖြစ်ပေးအပ်ပြီး ဂီတပညာရှင်များ၊ အဆိုပညာရှင်များက မြန်မာ့စောင်းနှင့်တွဲဖက်၍ ကာလပေါ်တေးသီချင်းများ၊ သီချင်းကြီးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ဒေါက်တာထီလာစစ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

လပွတ္တာမြို့နယ်အသင်းက ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အမှတ် ၆၃-က ဘုန်းကြီးလမ်း လမ်းမတော်အသင်းတိုက်တွင် ဇူလိုင် ၂၉ ရက်(တနင်္ဂနွေနေ့)နံနက် ၅ နာရီမှ ၉နာရီအထိ ကျင်းပမည်ဖြစ်ပြီး လပွတ္တာမြို့နယ်၌ ဩဂုတ် ၁၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များနှင့် အသင်းသူ အသင်းသားများ တက်ရောက် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုသူများ အသင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကျင်းပမည့်ရက်တွင် ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အဓိကဆေးဝါးစီမံချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Work shop on Review and Revision of National List of Essential and Complementary Drugs အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မင်းကျောင်းလမ်းရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)ညွှန်ကြားရေးမှူး (အစာ/ဆေးဝါး) ဒေါက်တာကျော်လင်းနှင့် မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာလှမြင့်တို့က အမှာစကား ပြောကြားကြသည်။

(သတင်းစဉ်)

စွမ်းအင်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ New & Renewable Energy Group (NRGE) က ကြီးမှူး၍ New and Renewable Energy ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို **ဇူလိုင်၁၇ရက်(အင်္ဂါနေ့) နံနက်၁၀နာရီ**တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ရှိ UMFCCI Office Tower အစည်းအဝေးခန်းမ(၁)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းဝင်များတက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက် ဗိုလ်ချုပ်ရွာဝ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက်တွင် ရွှေမင်းဝံ ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက် တရားစခန်းတွင် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဂဏဝါစကပတိ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကာဘိဝံ၊ ဘဒ္ဒန္တ ကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ)တို့နှင့် သန်လျင် ပြည်သာယာ စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က ဇူလိုင်၁၉ရက်မှ ၂၅ရက်အထိ တရားစခန်းဖွင့်မည်ဖြစ်ရာ ယောဂီများ ဇူလိုင်၁၈ရက် ညနေ၄နာရီအရောက် ရိပ်သာဝင်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဇူလိုင် ၅ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် အမှတ်(၉၄) ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌သူငယ်တန်း (S)မှ မောင်ကောင်းမင်းခန့်က အာဟာရ တိုက်ကျွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က အလှူရှင်မောင်ကောင်းမင်းခန့်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးကုတ်ဓမ္မရိပ်သာ ၁၀ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသ မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲ ၁၈၁တွင် (၅၈)ကြိမ်မြောက် ၁၀ရက်တရားစခန်းပွဲကို ဩဂုတ် ၂ရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တတေဇိန္ဒ (မိုးကုတ်ဓမ္မကထိက မဏိရတနာမိုးကုတ်ကျောင်း သွေးဆေးကန်တိုက် ရေတာရှည်လမ်း ဗဟန်း)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်ကို ဟောကြားပြသမည်ဖြစ်ရာ ဖုန်း- ၅၃၇၃၂၀သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပိုလျှံသည်များ ပြည်ပရောင်းချနိုင်သည့် အခွင့်အလမ်းများ ဆောင်ရွက်ပေး ယခင် မစိုက်ပျိုးခဲ့သည့် မြေယာများတွင် လုပ်ကိုင်ခွင့်များရယူ

ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုတိုးချဲ့နိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုး ထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာ ဆွေးနွေးပွဲကို ဇူလိုင်၇ရက် နံနက်၉နာရီက မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင် သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ များ၊အသင်းဝင်များနှင့် ပုဂ္ဂလိက စီးပွား ရေး လုပ်ငန်းရှင်များ၊ စိုက်ပျိုး ထုတ်လုပ်သူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး**(အပေါ်ပုံ)**က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အနေဖြင့် စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဦးတည်ချက် ချမှတ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်သည့် သီးနှံများ အရည်အသွေးကောင်းမွန်ရေး၊ဈေးကွက်ရရှိရေးတို့ကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ဆက်စပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ နည်းပညာ ဆွေးနွေးပွဲများကို ပထမ အကြိမ်အဖြစ် ရန်ကုန်မြို့ မြေပဒေသာ ဥယျာဉ်၌ ဥယျာဉ်ခြံသီးနှံပြပွဲနှင့်ဆွေးနွေးပွဲကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ပူးတွဲကျင်းပခဲ့ကြောင်း၊ ယခု ဒုတိယအကြိမ်အဖြစ် စားဖိုဆောင်သီးနှံ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးပွဲကို မကွေးမြို့၌ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံသား အများစုသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးကြသူများ ဖြစ်သဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားအောင် ပြုလုပ်ပေးခြင်းနှင့် ထုတ်လုပ်သည့်သီးနှံများ ဈေးကွက်ရရှိရေး လုပ်ကိုင်ဆောင်ရွက်ပေးခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင်၊ စိုက်ဧကတိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေး စသည့် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံ ကြက်သွန်နီစိုက်ပျိုး ထုတ်လုပ်မှု တိုးမြင့်ရေး၊ ပြည်တွင်းဖူလုံစွာ စားသုံး၍ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများ နိုင်ငံသားများရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက ယခင်က မစိုက်ပျိုးခဲ့သည့် မြေယာများတွင်လုပ်ကိုင်ခွင့်များရယူပြီး ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့နိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ဖွံ့ဖြိုးမှုများ ရရှိလာခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေး၊ ပိုလျှံမှုရှိသည်များကို ပြည်ပတင်ပို့ရောင်းချရေးတို့ကိုစဉ်ဆက်မပြတ်အားပေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝိုင်းဝန်းပံ့ပိုးကူညီ

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက စားဖိုဆောင်သီးနှံများမှ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုတွင် လက်ရှိစိုက်ဧက တစ်သိန်းခြောက်သောင်းကျော် အပြင် ထပ်မံ၍ စိုက်ဧက ငါးသောင်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များ၏စိုက်ပျိုးထုတ်လုပ်မှုကို ဝန်ကြီးဌာနများက ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အထောက်အကူပြုမည်

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကြက်သွန်နီ စိုက်ပျိုး ထုတ်လုပ်မည့် ကုမ္ပဏီများအတွက် မြေနေရာရှာဖွေခြင်း၊ ဒေသခံများနှင့် ဆက်စပ်ပေးခြင်း၊ လိုအပ်သည့် ပံ့ပိုးမှုများ ကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ နည်းပညာ ဆွေးနွေးပွဲမှရရှိသည့် နည်းပညာ အတွေ့အကြုံများကို ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးတွင် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ကျင်းပ

ထို့နောက် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးပြုံးက ကြက်သွန်နီ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်ရေးလုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာ ဆွေးနွေးပွဲကိုဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဦးအောင်ကျော်မိုး-ဒေါ်ဥမ္မာခင်၊ သား ဝင်းဟိန်းသန်း (ယုဇနပလာဇာ) မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဆရာတော်ထံ လှူဒါန်းရာ ဆေးခန်းထောက်ကူပြု ဦးမြင့်အောင်(ဗိုလ်စိန်မှန်)က လက်ခံယူစဉ်။ (၁၁၅)

ပ-သုံးလုံး ဝါတွင်းရဟန်းတော်များ ဝိပဿနာသင်တန်း

ရန်ကုန် ဇူလိုင် ၁၄

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်၏ (၃၉)ကြိမ်မြောက် ဝါတွင်း ရဟန်းတော်များဝိပဿနာ(ပညာ)သင် တန်းကို ဩဂုတ် ၆ရက်(ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်) တနင်္လာနေ့မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ၃နာရီခွဲအထိ ဖွင့်လှစ်ပို့ချမည် ဖြစ်သည်။

ရဟန်းတော်များသည် သာသနာဝင်မှတ်တမ်း(မူရင်း/မိတ္တူ)နှင့်ရောင်စုံ ဓာတ်ပုံသုံးပုံ ပူးတွဲပါရှိရမည်ဖြစ်ပြီး အမှတ် ၂၀/၂၁ဃ ကြားတောရလမ်း ဗဟန်းမြို့နယ် ပ-သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်တွင် ဩဂုတ်၂ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင် ကြောင်း သိရသည်။

(က-ပ)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျောက်စိမ်းအတွဲပေါင်း ၄၁၆၈ တွဲ ရောင်းချရ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူး၍ ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျောက်စိမ်း အတွဲများ ဈေးပြိုင်စနစ်ဖြင့် နဝမနေ့အဖြစ် ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များ ကြည့်ရှုအားပေးပြီး ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဈေးပြိုင်စနစ်

ကျောက်စိမ်းအတွဲများကို နဝမနေ့အဖြစ် ယနေ့နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၄၂၀တွဲကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။

အဆိုပါ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲအစီအစဉ် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၆ရက်မှ ယနေ့ညနေပိုင်းအထိ ကိုးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၁၆၈တွဲကို ရောင်းချခဲ့ရသည်။

ကျောက်စိမ်းအတွဲများကို ဇူလိုင် ၁၆ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဇွန် ၂၄ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ မိုးရာသီ ကြက်ဆူပင်စိုက်ပျိုးပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အသင်းအဖွဲ့များ စိုက်ပျိုးကြစဉ်။ (က-ပ)

ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊အမှတ်(၁၄)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၄

ကရကင့်ရာသီ ဝါဆိုလ၏ ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့်အတူ ကျေးလက် ပြည်သူ တောင်သူဦးကြီးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၁၄)အား ဇူလိုင် ၁၅ ရက်၌ ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော ဟင်းသီးဟင်းရွက်များ၊ အထွက်နှုန်းကောင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးပါ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဓာတု ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲပေး၊ ဘူးပြဿနာ၊ ဝင်ငွေပိုနေသော ဩဂဲနစ် လယ်မြေစသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ ရာသီဥတုနှင့်ဆိုင်သော ငါးများ၊ တီလားပီးယားငါးမွေးမြူပါ၊ ကျေးလက်စီးပွား တိုးတက်ရေး ဒေသကြက်ကိုမွေး၊ အညာဒေသနှင့် လိုက်ဖက်သော သိုးမွေးမြူရေး စသည့် မွေးမြူရေး ဆောင်းပါးများ၊ သက်ရှည်ကျန်းမာအားကစားနည်း၊ ဆေးဖက်ဝင် ချင်း(ဂျင်း)ပင်၊ မှိုအဆိပ်တောက်မှု သတိပြု၊ ရုံးပတီပင် အသုံးဝင် စသည့် ကျန်းမာရေး ဆောင်းပါးများ၊ လူနှင့်လက်နက်၊ မြန်မာ့ရိုးရာ ကြိုးသဲစည်းလုံးချည် အလှ၊ လုပ်ရတော့ ညာလက်၊ ရွှေဝတ်ရတော့ ဘယ်လက်၊ သဘာဝလက်ဆောင် စသည်တို့အပြင် ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာ ဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတို အထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူ နှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း- ၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိနည်းဆိုင်ရာ သံဃာ့အရေးအခင်းများ၊ သာသနာ့ရေးရာများဖြေရှင်းရာ၌ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆုံးဖြတ် အဂတိလေးပါး ရှောင်ကွင်းလျက် ဓမ္မရေးစက်ကိုအလေးထားဖြေရှင်းရာ များစွာအောင်မြင်

ရန်ကုန် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ လျှောက်ထားလွှာ–

ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများဘုရား–

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

"သန္ဒေတောထွက် ဓမ္မစက် ဟောမြွက်သံချို လဝါဆို"ဟုဆိုသည့်အတိုင်း မြတ်ဗုဒ္ဓဘုရားရှင် သန္ဒေယူတော်မူခြင်း၊ နိဗ္ဗူသောင်လှမ်းရန် တောထွက်တော်မူခြင်း၊ အဦးအဖျားဒေသနာဓမ္မစကြာတရား ဟောကြားတော်မူခြင်းစသည့် ဗုဒ္ဓကြောင်းအင် ဖြစ်တော်စဉ်များနှင့် ဆက်စပ်နေသဖြင့် မွန်မြတ်လှသည့် ဤဝါဆိုလမြတ်အချိန်အခါတွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးတို့အတွက်သာ ကောင်းစွာရှေးရှုလျက် ကိုယ်ရေးကိုယ်တာကိစ္စအဝဝကို လျစ်လျူရှုကာ သာသနာ့တာဝန်များကို အစဉ်အဆက်မနားတမ်း ထမ်းဆောင်တော်မူနေကြသော ဘုရားရှင်၏ တပည့် သားတော်များဖြစ်ကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို ကျန်းကျန်းမာမာ စုံစုံညီညီ ဖူးမြော်ကြည်ညိုရပါသဖြင့် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးရပါသည် ဘုရား။

ဆရာတော်အရှင်မြတ်များသည် လေးလတာကာလအတွင်း ဝိနည်းဆိုင်ရာ၊ သာသနာရေးရာ၊ ပညာရေးရာ ဆောင်ရွက်ထားချက်များကို နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါးစုံညီက အညီအညွတ်စည်းဝေးညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ကြသည့် ဤအစည်းအဝေးကြီးတွင် သာသနာရေးဆိုင်ရာလုပ်ငန်းကိစ္စအဝဝတို့ကို အပ်စပ်ညီညွတ်အောင် ဆောင်ရွက်ခွင့်ရရှိခြင်း၊ ဝေယျာဝစ္စလုပ်ငန်းရပ်များ စီမံခန့်ခွဲခွင့်ရရှိခြင်း၊ သံဃာမြတ်ရတနာ အားထားမှီခိုရာ မဟာထေရ်မြတ်ကြီးများကို ဦးနှိမ်ရိုကျိုး ရှိခိုးပူဇော်ခွင့်ရခြင်းစသည်ဖြင့် ကောင်းကျိုးအဖြာဖြာ ကုသိုလ်မင်္ဂလာတရားများ ထပ်ပွားရရှိရပါသဖြင့် အထူးပင် နှစ်ထောင်းအားရ ရွှင်လန်းချမ်းသာခံစားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

အရှိန်အဟုန်မြှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၈၀ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပခဲ့သည်မှစ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် တာဝန်ယူ ဆောင်ရွက်တော်မူခဲ့ကြသော ဆရာတော်ဘုရားများသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများနှင့်အညီ သာသနာတော်ဆိုင်ရာကိစ္စရပ်များကို သေသပ်နိုင်နင်းစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည် ဘုရား။ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှစ၍ သံဃာ့အဖွဲ့များ ရေရှည်တည်တံ့ရေး၊ သံဃာ့အဖွဲ့ဝင်များ လက်ဆင့်ကမ်း လွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်ရေး၊ အရည်အသွေး ပြည့်ဝရေးတို့ကို ရှေးရှုလျက် သံဃနာယကအဖွဲ့ဝင်များ အဟောင်းအသစ် လဲလှယ်သည့် ၂၅ ရာခိုင်နှုန်း အနားယူအစားထိုး ရွေးချယ်ရေးမူကို ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် သံဃာ့အဖွဲ့အစည်းများ၌ အင်သစ်အားသစ်တို့ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူရာတွင် ဝိနည်းဆိုင်ရာ သံဃာ့အရေးအခင်းများ၊ သာသနာ့ရေးရာများကို ဖြေရှင်းကြရာ၌ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆုံးဖြတ်ကြသကဲ့သို့ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြခြင်း၊ အဂတိလေးပါး ရှောင်ကွင်းလျက် ပုဂ္ဂိုလ်ရေးထက် ဓမ္မရေးစက်ကို အလေးထားခြင်း စသည်ဖြင့် ဖြေရှင်းဆောင်ရွက်ကြရာ များစွာပင် ပြေလည်အောင်မြင်မှုရရှိကြောင်း တွေ့ရှိရပါသဖြင့် ကြည်ညိုလေးစား သဒ္ဓါပွားကြရပါသည် ဘုရား။

ဆုံးဖြတ်အကောင်အထည်ဖော်

သာသနာရေးရာနှင့် စပ်လျဉ်း၍ ရဟန်းတု ရဟန်းယောင်များ ဖယ်ရှားရေး၊ သံဃာ့ဂုဏ်ကျေးဇူးကို အလွဲအသုံးပြုလျက် သာသနာတော် ညှိုးနွမ်းအောင် ပြုလုပ်ခြင်းနှင့် သမဏသာရုပ္ပမဖြစ်သော အပြုအမူ အပြောအဆို ကျင့်ကြံမှုများကို ဟန့်တားခြင်း၊ ဖယ်ရှားခြင်းလုပ်ငန်းများ အရှိန်မပျက် ဆောင်ရွက်ရေး၊ ကျူးကျော်ကျောင်းများ ဖယ်ရှားရေးတို့အပြင် ကျောင်းကန်သစ်များ တည်ဆောက်ရာတွင် စိစစ်ခွင့်ပြုရေးစသည်တို့၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ စုံစမ်းရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခြင်းတို့ဖြင့် သမာသမတ် ကျနစွာ အထောက်အထား ပြည့်စုံစွာဖြင့် ဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်တော်မူကြသဖြင့် ဝမ်းမြောက်နမော် သာဓုခေါ်ဆိုရပါသည် ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား–

မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်များထင်ရှားရှိနေသရွေ့ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိနေတော်မူသည်သာဖြစ်ရာ ဘုရားတပည့်တော်တို့၏ ဆရာဘုရားပင်ဖြစ်သော တရားတော်မေးမှိန်ခြင်းမရှိ၊ ထွန်းလင်းတောက်ပနေအောင် ထိန်းသိမ်းစောင့်ရှောက်နေရန်မှာ ဘုရားတပည့်တော်တို့ ဆရာဒကာများ၏ တာဝန်ပင်ဖြစ်သည်ဟု ခံယူထားပါသည် ဘုရား။ ပရိယတ္တိသာသနာတော်မြတ်ကြီး အရှည်ခန့်လျက် တည်တံ့စေရန် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပူဇော်သည့်အနေဖြင့် ပရိယတ္တိစာသင်တန်း ပြဋ္ဌာန်းစာအုပ်များ၊ စာအောင်ဆု၊ ကျမ်းစာအုပ်များ အချိန်မီလိုအပ်သည့်အလျောက် ရရှိနိုင်ရေးအတွက် အရှိန်မြှင့် ဆောင်ရွက်လျက်ရှိနေပါသည် ဘုရား။

ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး၏ သြဝါဒတော်နှင့်အညီ ဝိနည်းဆိုင်ရာ မှုခင်းများနှင့်စပ်လျဉ်း၍ အထောက်အကူရရှိစေနိုင်သည့် ယခင်က ပုံနှိပ်ခဲ့သော လူသေ လူဖြစ် ဝိနည်းဆိုင်ရာ၊ ကျောက်သဘော်ဝိနည်းဆိုင်ရာ စသည်တို့ကို ထပ်မံရိုက်နှိပ်ခဲ့ပြီး ယခင်က ပုံနှိပ်ခြင်းမရှိသေးသော စမ်းကလေးဝါဒဝိနည်းဆိုင်ရာ၊ ဘိက္ခုနီဘာဝါဘာဝ ဝိနည်းဆိုင်ရာ၊ မိုးကုတ်ဝိနည်းဆိုင်ရာ စသည့် ဝိနည်းဆိုင်ရာကျမ်းစာအုပ်များ စုစုပေါင်း၁၃မျိုးကို ပုံနှိပ်ပြီး ထုတ်ဝေဖြန့်ချိလျက်ရှိပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆရာတော်ကြီးများသည် သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေးမူဖြင့် လုံ့လကြိုးကုတ်အားစိုက်ထုတ်လျက် သတိရှိရှိ ဆောင်ရွက်တော်မူကြသည်ဖြစ်ရာ "သံဃာတော်၏ညီညွတ်ခြင်းသည် ချမ်းသာ၏"ဟူသည်နှင့်အညီ သာသနာတော်မြတ်ကြီး၏ ဂုဏ်ရှိန်အလင်းသည် ကမ္ဘာသို့ပင် ပျံ့နှံ့ထွန်းတောက်နေပြီဖြစ်ပါသည် ဘုရား။

ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းတောက်ပရေးအတွက် နိုင်ငံတော်အစိုးရအမှူးရှိသော ဥပါသကာ၊ ဒကာဗိုလ်လူ ပြည်သူတို့သည်လည်း သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၏ သြဝါဒကိုခံယူလျက် ဘက်ပေါင်းစုံမှ ချီးမြှောက်ထောက်ပံ့ပူဇော်လျက် ရှိသည်မှာ ဆရာတော်ကြီးများအသိပင် ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့သည် ဆရာဒကာ ပမာတူညီ ကျွန်းကိုင်းမှီသို့ ကြည်ဖြူသဒ္ဓါစေတနာဖြိုး ဆတက်ထမ်းပိုး တိုးမြှင့်ပူဇော်မည်သာ ဖြစ်ပါသည်ဘုရား။ ဆရာတော်ဘုရားများနှင့်ဘုရားတပည့်တော်တို့၏ လေးနက်ခိုင်ကျည်ပွားစည်သော သဒ္ဓါဂုဏ်၊ ကုသိုလ်စေတနာ ဇောအရှိန်အဟုန်တို့ကြောင့် နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေ၊ သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ထွန်းကားပြန့်ပွားပါစေဟူ၍ ပတ္ထနာပြုတောင်းဆုဆိုရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။ ။

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးသွယ်တန်းရန်အတွက် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်ထံ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်၈၀နေ ဦးတင်ဦး– ဒေါ်ဖြူဖြူဝင်းမိသားစုက ဓာတ်မီးတိုင် (ကျောက်တိုင်တစ်လုံး)နှင့် ကြေးနန်းကြိုးတစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

ပြည်မြို့ မဟာစည်မြဝတီသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ပဲခူးတိုင်း ပြည်မြို့ ဖွင့်လှကုန်းရပ်ကွက် ရွာဘဲနယ်မြေ ရတနာထီးဖြူဘုရားအနီး မဟာစည်မြဝတီသာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင်အဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်ကျော်၇ရက်) ဩဂုတ်၅ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် ပြည်မြို့ ရတနာထီးဖြူဘုရားအနီး မြဝတီသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ သဒ္ဓါအလျောက် လှူဒါန်းဖွယ်ရာများ လှူဒါန်းလိုပါက သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၄၀၀၀၊ ခေါက်ထီးတစ်လက်လျှင် ငွေကျပ် ၁၀၀၀၊ ဖိနပ်တစ်ရန်လျှင် ငွေကျပ် ၁၀၀၀၊ ယပ်တစ်ချောင်းလျှင် ငွေကျပ် ၅၀၀နှင့် ဆေးဝါး စသော ပစ္စည်းလေးပါးတို့ကိုဖြစ်စေ ဆွမ်းပဒေသာပင်နှင့် ငွေပဒေသာပင်ကျပ် ၁၅၀၀၀တို့ လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၀၉–၅၁–၉၆၈၈သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မင်းလမ်းနေ မိခင်ကြီးဒေါ်မြင့်ကြည်အား အမှူးထား၍ ဦးနီနီအောင်–ဒေါ်စန်းစန်းမော် မိသားစုနှင့် ဦးအေးလွင်–ဒေါ်ဖြူဖြူထွေး မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကော့မှူးမြို့နယ် ကသစ်ကုန်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် (ကသစ်ကုန်း) အရိမဒ္ဒနာရာမပရိယတ္တိစာသင်တိုက်(အဂ္ဂမဟာပဏ္ဍိတ)ကသစ်ကုန်း ဆရာတော်ကြီး၏တပည့် (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း၇ရက်) ဇူလိုင်၂၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၅၇ အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံ ရန်ကုန်မြို့၌ စုပေါင်းဆက်ကပ် လှူဒါန်းမည်ဖြစ်ရာ စေတနာရှင်အပေါင်းတို့ ကြွရောက်လှူဒါန်းပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေးအခြေခံသင်တန်းအမှတ်စဉ်(၃၂)တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်း ဆွေးနွေးပို့ချစဉ်။ (သတင်းစဉ်)

ပခုက္ကူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၄

ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီခွဲတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးတစ်ပါး၊တိပိဋကဓရ၊တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါး၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်တစ်ပါး အပါအဝင် ဘွဲ့တံဆိပ်တော်ရ သြဝါဒါစရိယ ဆရာတော်ကြီး ၁၁ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ပူဇော်ပါရန်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း–၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း–၃၈၃၈၅၇၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း–၇၂၀၂၀၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပြီး ဇူလိုင် ၂၃ ရက်အထိ ပခုက္ကူဓမ္မာရုံ၌ အလှူခံဌာနဖွင့်လှစ်ထားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရမည့် အမျိုးသားရေးတာဝန်အား ပါတီအဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် မရနိုင်ပေ။ ရနိုင်သည်ဟူ၍ အစွဲအလမ်းလွဲမှားစွာ ယုံကြည်ခဲ့လျှင် ယင်းယုံကြည်သူ ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်သည် အာဏာငန်းဖမ်းပြီး စိတ္တဇအိပ်မက် မက်နေသူသာ ဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့၏ အကြွင်းမဲ့အာဏာပိုင်စိုးမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တည်ရှိသည်။ နိုင်ငံတော်အာဏာသည် ပြည်သူတို့ထံမှ ဆင်းသက်သည်ဟုဆိုထားရာ နိုင်ငံတော်အာဏာ၏ အသက်ဝိညာဉ်ရှင်သန်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ တရားဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဟူသော နိုင်ငံတော်၏ အာဏာသုံးရပ်ကို ပြည်သူတို့၏ ဆန္ဒဖြင့် ပြဋ္ဌာန်းရမည်ဖြစ်သည်။ ယင်းသည်ပင်လျှင် ပြည်သူတို့၏ အာဏာပိုင်စိုးမှုကို ဖော်ကျူးသော ပကတိအရှိတရားဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်အဖြစ်လည်းကောင်း နိုင်ငံတော်ကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ **နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူတို့၌ တည်သည်။ ပြည်သူတို့က ထိုအာဏာအရပ်ရပ်အား ယင်းတို့က ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များသို့ အခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းသည်** ဟူသော ဒီမိုကရေစီ၏ အုတ်မြစ်ကို ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း အခိုင်အမာ ချမှတ်ခဲ့ကြသည်။ **ပြည်သူတို့က ရေးဆွဲပြဋ္ဌာန်း၍ ပြည်သူတို့အား နှင်းအပ်သော အခြေခံဥပဒေ** ဟူ၍လည်း ဥဒါန်းကျူးရင့်ထားကြသည်။

စင်စစ်၊ ပြည်သူအတွက် ပြည်သူက တာဝန်ယူဆောင်ရွက်သည့် ပြည်သူ့အစိုးရစနစ်ဟူသော ဒီမိုကရေစီ၏ သဘောသဘာဝသည် အလွန်တရာ ကောင်းမွန်သော လူမှုဆက်ဆံရေး ကျင့်စဉ်ဖြစ်သည်။ ထို့ကြောင့်ပင် ဒီမိုကရေစီသည် ကြွေးကြော်ရန်မဟုတ်၊ နေ့စဉ်ကျင့်ကြံလိုက်နာလုပ်ဆောင်ရန် ဖြစ်သည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် ကျင့်ဝတ်သီလလည်း ဖြစ်သည်၊ နည်းနာလည်းဖြစ်သည်၊ ခရီးအဆုံးမဟုတ်၊ လိုရာ ပန်းတိုင်သို့ ရောက်ရှိရန်အတွက် စီးနင်းသွားရသည့် ယာဉ်ရထား ဖြစ်သည်။ ခေါင်းဆောင်ဆိုသူတို့က တာဝန်သိစွာ ပျိုးထောင်စောင့်ရှောက်ကြရန်ဖြစ်သည်။ ပြည်သူတို့ကလည်း မပြတ်သောသတိဖြင့် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိသည်။ ဤသို့အားဖြင့် ဒီမိုကရေစီနှင့် ထိုက်တန်သောအကျိုးကို ခံစားကြရမည်ဖြစ်သည်။

သို့သော်လည်း ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အတူ ပါလီမန်ဒီမိုကရေစီခေတ်သည် ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်အထိ ၁၄နှစ်ကြာကာလတွင်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ ဆိုရှယ်လစ်ဒီမိုကရေစီခေတ်သည်လည်း ၁၉၇၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ၁၄နှစ်ကြာကာလတွင်လည်းကောင်း ချုပ်ငြိမ်း ကွယ်ပျောက် ဇာတ်သိမ်းခန်းရောက်ခဲ့ကြသည်မှာ သင်ခန်းစာယူဖွယ်လည်း ဖြစ်သည်။ သံဝေဂရဖွယ်လည်း ကောင်းသည်။

စင်စစ်၊ နိုင်ငံကို တာဝန်ယူဦးဆောင်သော အစိုးရအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များကို ခေတ်ကာလအခြေအနေနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ချက် အက်ဥပဒေများ မပြဋ္ဌာန်းနိုင်ခြင်းသည်လည်းကောင်း၊ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာစောင့်ထိန်းကျင့်သုံးမှုမရှိဘဲ မိမိအစိုးရအဖွဲ့ အာဏာတည်မြဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို မျှော့ကြိုးသဖွယ် လိုအပ်သလို အသုံးပြုပြီး ဥပဒေကို ပြည်သူအား မျက်လှည့်ပြအသုံးချခဲ့ခြင်းသည်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်မဝင်၊ မရှင်သန်ဘဲ ချုပ်ငြိမ်းစေရသော အကြောင်းတရားများ ဖြစ်ခဲ့သည်။ (ဥပမာအားဖြင့်) ၁၉၅၈ခုနှစ် အာဏာရ ဖဆပလအစိုးရနှစ်ခြမ်းကွဲကာလတွင် ပြည်သူ့လွှတ်တော်၌ ရှစ်မဲအသာဖြင့်သာ အစိုးရဖွဲ့ခဲ့သည့် ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလအစိုးရက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံပုဒ်မ၁၂၅(၁)အရ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာတော်နှစ်တိုင်း တစ်နှစ်အတွက် ပြည်ထောင်စုနိုင်ငံရသုံးမှန်းခြေ ငွေစာရင်းများပြုစုပြီး ယင်းစာရင်းများကို ပြည်သူ့လွှတ်တော်သို့ တင်ပြဆွေးနွေးအတည်ပြုချက်ရယူရမည်ဖြစ်သော်လည်း သန့်ရှင်းအစိုးရက လွှတ်တော်ကိုဖျက်သိမ်းပြီး နိုင်ငံတော်သမ္မတ၏ တစ်ချက်လွှတ်အမိန့်ဖြင့် နိုင်ငံတော်ရသုံးမှန်းခြေ ငွေစာရင်းဘတ်ဂျက်ကို အတည်ပြုခဲ့သည်။ အကြောင်းမူ ပြည်သူ့လွှတ်တော်တွင် ဘတ်ဂျက်အတည်ပြုရေး ဆွေးနွေးခဲ့ပြီး အတည်ပြုချက်မရဘဲ မဲခွဲဆုံးဖြတ်၍ ရှုံးနိမ့်ခဲ့လျှင် အစိုးရအဖွဲ့ပြုတ်ကျနိုင်သည့်အတွက် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို တစ်ချက်လွှတ်အမိန့်ဖြင့် ပြဋ္ဌာန်းခြင်းတို့ဖြင့် သန့်ရှင်းဖဆပလအစိုးရသည် မိမိအာဏာတည်မြဲရေးအတွက် ပါလီမန်ဒီမိုကရေစီအစဉ်အလာကို ချိုးဖောက်ခြင်း၊ မိမိအာဏာတည်မြဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို စက္ကူလုပ်ခြင်းဟူ၍ အတိုက်အခံ ဆွေငြိမ်း ဖဆပလအဖွဲ့က ဝေဖန်ခဲ့သည်။ ယင်းအပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်များအနေဖြင့် နောင်ဆယ်နှစ်ကြာလျှင် ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိသည်ဟူ၍ ပါရှိခဲ့ရာ ယင်းပြဋ္ဌာန်းချက်ကို အာဏာမစွန့်လွှတ်လိုသော ရှမ်းစော်ဘွား ပဒေသရာဇ်များနှင့် လူမျိုးရေး အစွန်းရောက် တိုင်းရင်းသားနိုင်ငံရေးပါတီတို့က အသေဆုပ်ကိုင်ပြီး ရှမ်းပြည်နယ်ခွဲထွက်ရေးကို အကျပ်ကိုင်တောင်းဆိုခြင်း၊ အရှေ့တောင်အာရှစစ်အုပ်စု (ဆီးတိုး)နှင့်ပူးပေါင်းပြီး ပြည်ထောင်စုပြိုကွဲရန် လုပ်ကြံစီစဉ်လာခြင်းတို့မှာလည်း ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်ပင်ဖြစ်သည်။ ထို့အတူပင် ပထစအစိုးရသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁/၁အရ **ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာကြီးဖြစ်သည်** ဟူသော ပြဋ္ဌာန်းချက်အား **ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဘာသာကြီးဖြစ်သည့် အားလျော်စွာ နိုင်ငံတော်ဘာသာ သာသနာဖြစ်စေရမည်** ဟူသော ပြင်ဆင်ချက်ဥပဒေဖြင့် အစားထိုးခဲ့ခြင်းဖြင့် နိုင်ငံရေးကိစ္စကို ဘာသာရေးဖြင့် အသုံးချခဲ့သည့် အတွက် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများဖြစ်လာခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့သည်။

ထို့နည်းတူ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် အတည်ပြုခဲ့သည်ဆိုသော်လည်း လမ်းစဉ်ပါတီက တစ်ပါတီစနစ်အရ ဦးဆောင်ပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်းသည် အဓိကအားနည်းချက် ဖြစ်သည်။ ယင်းအပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားကုန်သွယ်ရေး လုပ်ငန်းများသည် ပါတီ၏ ဦးဆောင်မှု **မူဝါဒ** ကို ခံယူကျင့်သုံးရမည်ဟူသော ပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် ပါတီဝင်အချို့သည် **လူပုဂ္ဂိုလ်** ကိုယ်တိုင် ဝင်ရောက်ဦးဆောင် စွက်ဖက်ဆောင်ရွက်ခြင်းတို့ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သကဲ့သို့ ဖြစ်ခဲ့ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ဆန္ဒခံယူခွင့် အရည်အချင်းသတ်မှတ်ချက် ပြည့်စုံပါက ပါတီဝင်ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မည်သူမဆို နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ဝင်ရောက်ယှဉ်ပြိုင်ဆန္ဒခံယူခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသော်လည်း သတ်မှတ်အရည်အချင်း ပြည့်စုံသော ပါတီဝင်မဟုတ်သူ ပြည်သူတို့ကို ပါဝင်ယှဉ်ပြိုင်ဆန္ဒခံယူမှုမပြုနိုင်ရန် နည်းအမျိုးမျိုးတို့ဖြင့် တားမြစ်ပိတ်ပင်ခဲ့သည်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာရောက်သည့်အပြင် နိုင်ငံသားများ၏ ရပိုင်ခွင့်ကို အသိအမှတ်မပြုရာ ရောက်ခဲ့သည်။ ပို၍ဆိုးရွားလာသော အခြေအနေမှာ နိုင်ငံတော်၏ တစ်ခုတည်းသော ဦးဆောင်နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် လမ်းစဉ်ပါတီအတွင်း မြို့နယ်ပါတီယူနစ်များတွင် စည်းရုံးရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ တာဝန်ခွဲဝေမှုများသည် ဘက်လိုက်မှု၊ အုပ်စုအလိုက် ဩဇာထူထောင်မှုတို့ကို ကျင့်သုံးလာခဲ့သဖြင့် ပါတီတွင်း စည်းရုံးရေးပျက်ပြားမှုများ၊ အားပြိုင် ဘက်လုမှုများ ဖြစ်လာပြီး ပြည်သူတို့၏ ယုံကြည်ထောက်ခံမှု အားနည်းလာခဲ့သည်။ ထို့ပြင် ဝိသမလောဘမှောင်ခိုစီးပွားရေးသမားများနှင့် သောင်းကျန်းသူများလက်ထဲ၌ရှိနေသော ငွေမည်းများဖော်ထုတ်ရေးအတွက် ငွေစက္ကူများကို တရားမဝင်ငွေများအဖြစ် သုံးကြိမ်တိုင်တိုင် ကြေညာခဲ့ခြင်းဖြင့် ဝိသမလောဘ မှောင်ခိုစီးပွားရေးသမားများနှင့် သောင်းကျန်းသူများတွင် အထိနာစေခဲ့သည့်နည်းတူ အခြားတစ်ဖက်တွင်လည်း လက်လုပ်လက်စား ဆင်းရဲသားအရောင်းအဝယ်သမားများ အများပြည်သူတို့အတွက် စားဝတ်နေရေးကို များစွာထိခိုက်နစ်နာစေခဲ့သည်။

ယင်းဖြစ်စဉ်များ၏ အခြေခံအကြောင်းတရားများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးခဲ့ခြင်း မရှိသော လူပုဂ္ဂိုလ်တို့၏အားနည်းချက်များဖြစ်သည့် လူ၏ပယောဂများနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများ၏ မခိုင်မာမှု၊ မပြည့်စုံမှု၊ ချွတ်ယွင်းချက်များအပါအဝင် ကာလဒေသနှင့် မလျော်ညီမှုတို့ကြောင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းထူထောင်ထားသည့် ခေတ်စနစ်တို့သည်လည်း ချုပ်ငြိမ်းကွယ်ပျောက် ဇာတ်သိမ်းခန်းရောက်ခဲ့ခြင်း ဖြစ်သည်။

စင်စစ်၊ တပ်မတော်အစိုးရသည် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့၏ အားနည်းချက်များအားလည်းကောင်း၊ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များအားလည်းကောင်း လေ့လာဆင်ခြင်ပြီး မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ဖြတ်သန်းလာခဲ့ရသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်တို့ကို သင်ခန်းစာအဖြစ်ရယူလျက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ကိုလိုနီလက်အောက်တွင် ၁၁၁ဦးသော လူပုဂ္ဂိုလ်တို့ဖြင့် ရက်ပေါင်း၁၀၈ရက်အတွင်း နည်းနည်းနှင့် ကျဲကျဲဝိုင်းပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။ ဤသို့အားဖြင့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဗြိတိသျှနယ်ချဲ့ အစိုးရလက်အောက်တွင် ရေးဆွဲရခြင်း၊ လွတ်လပ်ရေးမြန်မြန်ရယူလိုသော ဆန္ဒဖြင့် လူနည်းနည်း၊ ရက်နည်းနည်း၊ ကာလတိုအတွင်းရေးဆွဲရခြင်း၊ လွတ်လပ်ရေးမရခင် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းမကွဲ လက်တွဲမပျက် ခရီးဆက်လိုခြင်း၊ လွတ်လပ်ရေးရပြီး ဆယ်နှစ်ကြာလျှင် တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုများ ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့ခြင်းစသော အခြေအနေအရပ်ရပ် အပေါ်မူတည်ပြီး ရေးဆွဲခဲ့ရသဖြင့် ခိုင်မာပြည့်စုံသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် ဖြစ်မလာခဲ့ပေ။ အထူးသဖြင့် နိုင်ငံ၏ဖွဲ့စည်းပုံအရ ပြည်နယ် လေးပြည်နယ်သာ ဖွဲ့စည်းထားခြင်းသည် တိုင်းရင်းသားလူမျိုးအချို့တွင် ဗမာလူမျိုးကြီးဝါဒ လွှမ်းမိုးသည်ဟူသော အယူအဆနှင့် သံသယများဖြစ်ပေါ်လာစေခဲ့သည်။ ယင်းအယူအဆနှင့် သံသယအား မီးလောင်ရာလေပင့်သကဲ့သို့ တိုင်းရင်းသားလူမျိုးများအတွင်း ပိုမိုကြီးမားကျယ်ပြန့်လာစေရန် နယ်ချဲ့အုပ်စုက သပ်လျှိုသွေးခွဲရာတွင် အကောင်းဆုံးလမ်းကြောင်း ဖြစ်လာစေခဲ့သည်။

ထို့ကြောင့်ပင် တိုင်းရင်းသားအချို့၏ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှု ပဋိပက္ခဖြစ်ပွားလာခဲ့သည်။ ပြည်ပသူလျှိုအဖွဲ့အစည်းနှင့် အာဏာမစွန့်လွှတ်လိုသော ပဒေသရာဇ်စော်ဘွားများ၊ လူမျိုးရေးအစွန်းရောက် တိုင်းရင်းသားနိုင်ငံရေးပါတီများပူးပေါင်းပြီး ပြည်ထောင်စုစစ်စစ်မှု(ဖက်ဒရယ်မှု)ကို အကျပ်ကိုင်တောင်းဆိုခဲ့သည်။ လျှို့ဝှက်စစ်ရေးပြင်ဆင်မှုများ လုပ်ဆောင်လာသည်အထိ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်ကျရောက်လာခဲ့သည်။ ယင်းအခြေအနေအရပ်ရပ်သည်ပင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ချုပ်ငြိမ်းစေခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီခေတ်သည် ပြည်ဖုံးကားချပြီး ဇာတ်သိမ်းခဲ့ရသည်။

ထို့အတူပင် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်ထူထောင်စဉ်ကာလအတွင်း ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယင်းအခြေခံဥပဒေအား ဗဟိုအဆင့်မှ ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာရပ်ကွက်အဆင့်အထိ ကော်မရှင်အဖွဲ့များ၊ ရှင်းလင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြည်သူလူထုနှင့် တိုက်ရိုက်တွေ့ဆုံအကြံပြုချက်

ကျော်စိုး(ကျိုက္ခ...

များခံယူ၍ ပထမမူကြမ်းနှင့် ဒုတိယမူကြမ်...
၁၉၇၄ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျ...
သို့သော်လည်း မည်မျှပြည့်စုံသော သဘော...
လက်တွေ့ပြည်သူ့ဘဝနယ်ပယ်၌ မှတ်ကျော...
ပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်နိုင်ခြင်း...
မည်ဖြစ်သည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေ...
ပြည်သူ့ဘဝနယ်ပယ်၌ မှတ်ကျောက်တင်ခံနိုင်ခြ...
အရေးအခင်းက အဖြေပေးခဲ့ပြီးဖြစ်သည်မှာ...
အခြေခံဥပဒေတစ်ရပ်သည် သက်ဆိုင်ရာနိုင်ငံ...
စီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိသောကာလ...
လုပ်ဟန် တစ်ရပ်ရပ်သည် ပေါ်ပေါက်လာရ...

(က) တိုင်းပြုပြည်ပြု လွှတ်တော်သစ် ...
ဆန္ဒခံယူ၍ဖြစ်စေ ဒီမိုကရေစီနည်...
အသစ်တစ်ရပ်ကို ရေးဆွဲကြရမ...

(ခ) ပြည်သူလူထု၏ အုံကြွဆန့်ကျ...
အုပ်ချုပ်ရေးယန္တရားဟောင်း ပြိုကွဲ...
အသစ်ကို လူထုနည်းဖြင့် ဖန်တီ...

(ဂ) တပ်မတော်ကဲ့သို့ နိုင်ငံလုံခြုံရေးန...
ယူထားရသော အမျိုးသားရေးအင်...
ယိုယွင်းလာသော နိုင်ငံတော်၏...
ဦးဆောင်တာဝန်ယူ လွှဲပြောင်းယ...
ရှိခဲ့သည်။

အထက်ဖော်ပြပါ အဖြစ်အပျက်များ၊ အ...
နိုင်ငံ တစ်နိုင်ငံတည်းတွင် ဖြစ်ပေါ်ခြင်းမဟု...
နိုင်ငံတကာတွင် ဖြစ်ခဲ့၊ ဖြစ်ဆဲ၊ ဖြစ်လာနိုင်...
များပင် ဖြစ်သည်။

တပ်မတော်သည် ၁၉၆၂ခုနှစ် မတ်လ...
၁၉၈၈ခုနှစ် စက်တင်ဘာလ၁၈ရက်တွင် တ...
နိုင်ငံ့တာဝန်ကို လွှဲပြောင်းထိန်းသိမ်းခဲ့ရပြီးဖြစ်...
က ဝင်ရောက်တာဝန်ယူထိန်းသိမ်းရမည့် အ...
သည့်အတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံ...
လိုအပ်သည်ဟု ယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် တပ်မတော်အစိုးရသ...
ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေး...
လှယ်များ၊ တိုင်းရင်းသားလူမျိုးများမှ ကိုယ်စာ...
ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားက...
ပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်မျာ...
လှယ်များ၊ အခြားဖိတ်ကြားသင့်သော ပုဂ္ဂိုလ်...
လှယ်ပေါင်း ၇၀၂ဦးကို ဖိတ်ကြားပြီး ၁၉၉...
တွင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။...
၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ခြောက်ကြိ...
အခြေခံဥပဒေတွင် ပါဝင်ရေးဆွဲပြဋ္ဌာန်းရန် ...
ကဏ္ဍ(၇)ရပ်နှင့်ပတ်သက်သော အသေးစိတ်...
လည်း အတည်ပြု ချမှတ်နိုင်ခဲ့သည်။

သို့သော်လည်း ၁၉၉၅ခုနှစ်တွင် ညီလာခံ...
NLDပါတီသည် ပါတီဝင်အဖြစ်မှ ထုတ်ပယ်...
ကော်မရှင်သို့ တရားဝင်အသိပေးထားပြီးဖြ...
အတွင်းရေးမှူးပြုတ် ဒေါ်စုကြည်၏ သဘောထ...
ကို ဆန့်ကျင်ကျောခိုင်းထွက်ခွာသွားခဲ့သည်...
အမျိုးသားညီလာခံကျင်းပရေးနှင့် နိုင်ငံရေးဆိုင်...
ယာယီအားဖြင့် ရပ်ဆိုင်းသွားစေခဲ့သည်။ NL...
အရေးနှင့် အမျိုးသားအကျိုးစီးပွားကို အလေးမ...
မိမိပါတီ၏အရေး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယေ...
နယ်ချဲ့အုပ်စု၏ အလိုကျ ညီလာခံကို ကျေ...

မည်သို့ပင်ဖြစ်စေ၊ တပ်မတော်အစိုးရသ...
ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းကို သွေဖည်...
တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတော...
နိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျ...
တော်နှင့် ပြည်သူတို့၏ အကျိုးကိုရှေးရှုပြီး ...
နေ့မှ ဇူလိုင်လ၉ရက်နေ့အထိ အမျိုးသားညီ...
ပြန်လည်ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် ...
လှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တို...
များ၊ တောင်သူလယ်သမားများ၊ နိုင်ငံ့ဝန်...
ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တို...

ရေးတာဝန်ဖြစ်သည်

ကျော်စိုး(ကျိုက္ကရော)

များခံယူ၍ ပထမမူကြမ်းနှင့် ဒုတိယမူကြမ်းတို့ကို ရေးဆွဲခဲ့သည်။ ၁၉၇၄ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုခဲ့သည်။

သို့သော်လည်း မည်မျှပြည့်စုံသော သဘောတရားများ ဖြစ်စေကာမူ လက်တွေ့ပြည်သူ့ဘဝနယ်ပယ်၌ မှတ်ကျောက်တင်ခံနိုင်ခြင်းရှိ မရှိကို ပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်နိုင်ခြင်း ရှိ မရှိက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်တွေ့ပြည်သူ့ဘဝနယ်ပယ်၌ မှတ်ကျောက်တင်ခံနိုင်ခြင်းမရှိကြောင်း ၁၉၈၈ခုနှစ် အရေးအခင်းက အဖြေပေးခဲ့ပြီးဖြစ်သည်မှာ ငြင်းပယ်၍ မရနိုင်ပေ။ အခြေခံဥပဒေတစ်ရပ်သည် သက်ဆိုင်ရာနိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိသောကာလတွင် အောက်ပါ လုပ်နည်းလုပ်ဟန် တစ်ရပ်ရပ်သည် ပေါ်ပေါက်လာရမြဲဖြစ်သည်–

(က) တိုင်းပြုပြည်ပြု လွှတ်တော်သစ် ခေါ်ယူ၍ဖြစ်စေ၊ ပြည်သူ့ဆန္ဒခံယူ၍ဖြစ်စေ ဒီမိုကရေစီနည်းလမ်းဖြင့် အခြေခံဥပဒေအသစ်တစ်ရပ်ကို ရေးဆွဲကြရမည်ဖြစ်သည်။

(ခ) ပြည်သူလူထု၏ အုံကြွဆန့်ကျင်မှုများဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားဟောင်း ပြိုကွဲပျက်စီးခဲ့ရာတွင် ယန္တရားအသစ်ကို လူထုနည်းဖြင့် ဖန်တီးယူတတ်ကြသည်။

(ဂ) တပ်မတော်ကဲ့သို့ နိုင်ငံလုံခြုံရေးနှင့်ကာကွယ်ရေးကို တာဝန်ယူထားရသော အမျိုးသားရေးအင်အားစု အဖွဲ့အစည်းများက ယိုယွင်းလာသော နိုင်ငံတော်၏အခြေအနေကို ကြားဖြတ်ဦးဆောင်တာဝန်ယူ လွှဲပြောင်းထိန်းသိမ်းရခြင်းမျိုးလည်း ရှိခဲ့သည်။

အထက်ဖော်ပြပါ အဖြစ်အပျက်များ၊ အခြေအနေများသည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင် ဖြစ်ပေါ်ခြင်းမဟုတ်ပေ။ ကမ္ဘာနှင့်အဝန်းနိုင်ငံတကာတွင် ဖြစ်ခဲ့၊ ဖြစ်ဆဲ၊ ဖြစ်လာနိုင်သော ပကတိ အရှိတရားများပင် ဖြစ်သည်။

တပ်မတော်သည် ၁၉၆၂ခုနှစ် မတ်လ ၂ရက်တွင် တစ်ကြိမ်၊ ၁၉၈၈ခုနှစ် စက်တင်ဘာလ၁၈ရက်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် နိုင်ငံ့တာဝန်ကို လွှဲပြောင်းထိန်းသိမ်းခဲ့ရပြီးဖြစ်ရာ မကြာခဏ တပ်မတော်က ဝင်ရောက်တာဝန်ယူထိန်းသိမ်းရမည့် အခြေအနေများကို မလိုလားသည့်အတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရန် လိုအပ်သည်ဟု ယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် တပ်မတော်အစိုးရသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သောပုဂ္ဂိုလ်များ အပါအဝင် ကိုယ်စားလှယ်ပေါင်း ၇၀၂ဦးကို ဖိတ်ကြားပြီး ၁၉၉၃ခုနှစ် ဇန်နဝါရီလ၉ရက်တွင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။ အမျိုးသားညီလာခံအား ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ခြောက်ကြိမ်ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ရေးဆွဲပြဋ္ဌာန်းရန် အခြေခံမူ ၁၀၄ ချက်နှင့် ကဏ္ဍ(၇)ရပ်နှင့်ပတ်သက်သော အသေးစိတ်အခြေခံရမည့် မူများကိုလည်း အတည်ပြု ချမှတ်နိုင်ခဲ့သည်။

သို့သော်လည်း ၁၉၉၅ခုနှစ်တွင် ညီလာခံသို့ တက်ရောက်နေသော NLDပါတီသည် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ပြီးကြောင်း ရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်အသိပေးထားပြီးဖြစ်သည့် ပါတီအထွေထွေအတွင်းရေးမှူးပြုတ် ဒေါ်စုကြည်၏ သဘောထားလမ်းညွှန်မှုဖြင့် ညီလာခံကို ဆန့်ကျင်ကျောခိုင်းထွက်ခွာသွားခဲ့သည်။ ယင်းအခြေအနေသည် အမျိုးသားညီလာခံကျင်းပရေးနှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုကို ယာယီအားဖြင့် ရပ်ဆိုင်းသွားစေခဲ့သည်။ NLD ပါတီသည် အမျိုးသားအရေးနှင့် အမျိုးသားအကျိုးစီးပွားကို အလေးမထား ပစ်ပယ်လျစ်လျူရှုပြီး မိမိပါတီ၏အရေး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သဘောထားနှင့် နယ်ချဲ့အုပ်စု၏ အလိုကျ ညီလာခံကို ကျောခိုင်းခဲ့ခြင်းသာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ တပ်မတော်အစိုးရသည် NLD ပါတီအနေဖြင့် ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းကို သွေဖည်ဆန့်ကျင်သွားသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကိုရှေးရှုပြီး ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့မှ ဇူလိုင်လ၉ရက်နေ့အထိ အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ပြန်လည်ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့နှင့် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၁၀၈၆ ဦး တက်ရောက်ညှိနှိုင်းဆွေးနွေးကြသည်။ ညီလာခံကိုယ်စားလှယ်များသည် ကဏ္ဍကြီး ၁၁ ရပ်နှင့် အခြားကိစ္စ ၅ ရပ်တို့တွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေပေးမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ရရှိရန် ညှိနှိုင်းဆွေးနွေးပြီး အစုအဖွဲ့လိုက် စာတမ်းများပြုစု၍ စုံညီအစည်းအဝေးတွင် ဖတ်ကြားခဲ့ကြသည်။

ယင်းနောက် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပပြီး ကဏ္ဍကြီး၁၁ရပ်နှင့် အခြားကိစ္စ ၅ရပ်တွင် ဥပဒေပြုရေးဆိုင်ရာ ခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုချမှတ်နိုင်ခဲ့သည်။

ယင်းနောက် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ရက်နေ့မှ ဒီဇင်ဘာလ ၂၉ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားညီလာခံမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ၊ တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတို့အတွက် အသေးစိတ်ရမည့် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်သည်။

ထို့အတူပင် လာမည့် ၂၀၀၇ခုနှစ် ဇူလိုင်လ၁၈ရက်နေ့တွင် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ယင်းညီလာခံသည် နောက်ဆုံးအကြိမ်ကျင်းပသည့် ညီလာခံဖြစ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးသည် လက်တစ်ကမ်းမျှသာရှိတော့သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

ဤသို့အားဖြင့် အမျိုးသားညီလာခံကို တပ်မတော်အစိုးရက တာဝန်ယူ ဦးဆောင်ကျင်းပပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရန် အမျိုးသားညီလာခံကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ ဆန္ဒကို ရယူညှိနှိုင်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားညီလာခံသည် တပ်မတော်အစိုးရက တစ်မျိုးသားလုံးနှင့်ညှိနှိုင်းရန် တွေ့ဆုံဆွေးနွေးခြင်းပင် ဖြစ်သည်။ တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားရေးတာဝန်ဖြစ်သည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တစ်မျိုးသားလုံး၏ အခြေခံဆန္ဒသဘောထားကို ရယူခြင်းလည်း ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရမည့် အမျိုးသားရေးတာဝန်အား ပါတီအဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် မရနိုင်ပေ။ ရနိုင်သည်ဟူ၍ အစွဲအလမ်းလွဲမှားစွာ ယုံကြည်ခဲ့လျှင် ယင်းယုံကြည်သူ ပါတီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်သည် အာဏာငန်းဖမ်းပြီး စိတ္တဇအိပ်မက်မက်နေသူသာ ဖြစ်သည်။

အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၊ တစ်မျိုးသားလုံး၏ ဆန္ဒကို ထင်ဟပ်အခြေခံသည်။ အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်သည်။ တိုင်းပြု ပြည်ပြု မွန်မြတ်သော လုပ်ငန်းလည်းဖြစ်သည်။ အမျိုးသားညီလာခံသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော တိုင်းပြုပြည်ပြု ညီလာခံပင်ဖြစ်သည်။ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားနှင့် အလွှာပေါင်းစုံ၊ ဆင်းရဲချမ်းသာ၊ ဆူကြံနိမ့်မြင့် ကိုးကွယ်မှု ဘာသာတရားတို့ ခွဲခြားခြင်းမရှိဘဲ ပကတိစည်းလုံးညီညွတ်စွာ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက် အုတ်မြစ်ချနေခြင်းဖြစ်သည်။ ဤသည်မှာ မျက်မှောက်မြန်မာနိုင်ငံ သမိုင်းခေတ်က ပြဋ္ဌာန်းလာသော အမျိုးသားနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းစဉ်တရားပင်ဖြစ်ရာ မည်သည့်ပါတီအဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင် ငြင်းပယ်ဆန့်ကျင်၍ မရနိုင်ပေ။ အကယ်၍ ဟန့်တားပိတ်ပင် ငြင်းပယ်ဆန့်ကျင်ရန် ကြိုးပမ်းလာခဲ့လျှင်လည်း ယင်းကြိုးပမ်းလာသူ လူပုဂ္ဂိုလ်၊ ပါတီအဖွဲ့အစည်းသည် မြန်မာနိုင်ငံ၏ အနာဂတ်အမျိုးသားရေးသမိုင်းတွင် တရားခံအဖြစ် အမည်းစက်ဖြင့် ကမ္ပည်းတင်မည်သာဖြစ်သည်။

နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ပင်ဖြစ်သည်။ ယင်းရည်မှန်းချက်ပန်းတိုင်သို့ သွားရာခရီးလမ်းကြောင်းမှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြစ်ပြီး ယင်း၏ အခြေခံအုတ်မြစ်အဖြစ် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပလျက်ရှိသည်။

အမျိုးသားညီလာခံသည် အနာဂတ်နိုင်ငံတော်သစ်ဖြစ်ထွန်းရေးနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝဝန်းကျင်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် လူမှုဆက်ဆံနေထိုင်မှုအဆင့်သို့ မလွဲမသွေဆောင်ကြဉ်းပေးမည်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းသား ပြည်သူတို့၏ လူမှုစီးပွားဘဝအား အေးချမ်းသာယာခြင်း၊ ညီညွတ်စည်းလုံးခြင်း၊ တိုးတက်ဖွံ့ဖြိုးခြင်းတို့ဖြင့် လွှမ်းခြုံထုံမွှမ်းထားသည့် မြန်မာ့လူ့ဘောင်၊ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်ပေးမည်ဖြစ်သည်။

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် **“ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး”**အတွက် အခြေခံအုတ်မြစ်ဖြစ်ရာ အမျိုးသားညီလာခံပျက်စီးရန်ရည်ရွယ်ဖန်တီးလာသည့် နိုင်ငံရေးလုပ်ကြံမှု၊ လူမျိုးရေးသွေးခွဲမှု၊ ဘာသာရေးမှိုင်းတိုက်မှုမှန်သမျှ ပြတ်သားစွာ ဆန့်ကျင်ဖယ်ရှားချေမှုန်းပြီး အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျစ်လျစ်သိပ်သည်းသော စည်းရုံးရေးအင်အားဖြင့် အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းအကောင်အထည်ဖော်ကြပါစို့ဟု တိုက်တွန်းဆန္ဒပြုအပ်ပါသည်။ ။

ဒီမိုကရေစီနှင့်ထိုက်တန်သောအကျိုးခံစားရမည်

ပြည်သူအတွက် ပြည်သူက တာဝန်ယူဆောင်ရွက်သည့် ပြည်သူ့အစိုးရစနစ်ဟူသော ဒီမိုကရေစီ၏သဘောသဘာဝသည် အလွန်တရာကောင်းမွန်သော လူမှုဆက်ဆံရေးကျင့်စဉ်ဖြစ်သည်။ ထို့ကြောင့်ပင် ဒီမိုကရေစီသည် ကြွေးကြော်ရန်မဟုတ်၊ နေ့စဉ်ကျင့်ကြံ လိုက်နာလုပ်ဆောင်ရန် ဖြစ်သည်ဟုဆိုသည်။ တစ်နည်းအားဖြင့် ကျင့်ဝတ်သီလလည်း ဖြစ်သည်၊ နည်းနာလည်း ဖြစ်သည်၊ ခရီးအဆုံးမဟုတ်၊ လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက် စီးနင်းသွားရသည့် ယာဉ်ရထားဖြစ်သည်။ ခေါင်းဆောင်ဆိုသူတို့က တာဝန်သိစွာ ပျိုးထောင်စောင့်ရှောက်ကြရန်ဖြစ်သည်။ ပြည်သူတို့ကလည်း မပြတ်သောသတိဖြင့် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိသည်။ ဤသို့အားဖြင့် ဒီမိုကရေစီနှင့် ထိုက်တန်သော အကျိုးကို ခံစားကြရမည်ဖြစ်သည်။

စင်ကာပူကုမ္ပဏီများ ပြည်ပ၌ ပိုမိုယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်

စင်ကာပူ ဇူလိုင် ၁၄

စင်ကာပူစီးပွားရေးလုပ်ငန်း ကုမ္ပဏီများအနေဖြင့် ပြည်ပ၌ယှဉ်ပြိုင်မှုများ ပိုမိုပြုလုပ်နိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်ကို ဇူလိုင် ၁၁ရက်၌ စတင်လိုက်ပြီဖြစ်သည်။

ထူထောင်သွားမည်

စင်ကာပူနိုင်ငံပိုင် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း(အိုင်အီး)အနေဖြင့် နိုင်ငံ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းလာစေရန်မှာ လာမည့် လေးနှစ်အတွက် အမေရိကန်ဒေါ်လာ ၆၁သမ၆သန်းခန့် ထူထောင်ပေးသွားမည်ဖြစ်သည်။

ထိုရန်ပုံငွေများမှာ ရုရှား၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းဒေသ၊ ဗီယက်နမ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံကဲ့သို့သော ဈေးကွက်များ၌ စီးပွားရေးဆိုင်ရာ အသိပညာများရရှိရေးနှင့် လေ့ကျင့်မှုများအတွက် သုံးစွဲသွားမည်ဖြစ်သည်။

ဆောင်ရွက်နေ

နိုင်ငံတကာ စီးပွားရေးအစီအစဉ်ကို စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံတကာစီးပွားရေးဖိုရမ်၌ စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး လင်းဟန်ကန်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံတောင်ပိုင်း နုရင်ဘတ်မြို့တွင် တိရစ္ဆာန်ကျန်းမာရေးဝန်ထမ်းများက ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီ အပြည်ပြည်ဆိုင်ရာ လေဆိပ်မွမ်းမံပြင်ဆင်ရေး မလေးရှားကုမ္ပဏီတစ်ခု လေလံအောင်မြင်

ကွာလာလမ်ပူ ဇူလိုင် ၁၄

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆာဘီဟာဂေါ့ဆန် အပြည်ပြည်ဆိုင်ရာလေဆိပ် မွမ်းမံပြင်ဆင်ရန်အတွက် မလေးရှားဟိုလ်ဒင်းစ်ဘတ် MAHB ကုမ္ပဏီက လေလံအောင်မြင်ခဲ့ကြောင်း မလေးရှားမီဒီယာများက ဇူလိုင် ၁၁ရက်၌ ဖော်ပြသည်။

လုပ်ကိုင်ရမည်

မလေးရှားနိုင်ငံ၏ MAHB ကုမ္ပဏီအနေဖြင့် အဆိုပါလေဆိပ်၌ စကြိုများ၊ နားနေဆောင်များ၊ ပြည်တွင်းပြည်ပဆိုက်ရောက်ဂိတ်များ စသည့်လုပ်ငန်းများကို လုပ်ကိုင်ရမည်ဖြစ်သည်။

ထားရှိ

ထို့အပြင် အဆိုပါလေဆိပ်၌ အပြည်ပြည်ဆိုင်ရာခရီးသည်များ နားနေဆောင် အသစ်ကြီးတစ်ခုကိုလည်း တည်ဆောက်သွားရမည်ဖြစ်သည်။ လက်ရှိ နားနေဆောင်ကြီးမှာ ပြည်တွင်းခရီးသွားများအတွက် ထားရှိမည်ဖြစ်သည်။

အဆိုပါလေဆိပ်တည်ဆောက်ပြီးစီးရန်အတွက် စုစုပေါင်း ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ၂ဒသမ၆၁ ဘီလီယံခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အယ်လ်ဘေးနီးယား အလှမယ်

အယ်လ်ဘေးနီးယားနိုင်ငံ တီရာနာမြို့၌ အယ်လ်ဘေးနီးယား အလှမယ်အဖြစ် ရွေးချယ်ခြင်းခံရသူ အသက်၁၈နှစ်အရွယ်ရှိ အီလာဟာဇီအား ဇူလိုင် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှား၌ သွေးလွန်တုပ်ကွေးကြောင့် ၅၇ ဦးသေဆုံး

ကွာလာလမ်ပူ ဇူလိုင် ၁၄

မလေးရှားနိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိရာ သေဆုံးသူ ၅၇ ဦးရှိသွားပြီဖြစ်ကြောင်း မလေးရှား မီဒီယာများက ဇူလိုင် ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။

ပြောကြား

မလေးရှားအစိုးရအနေဖြင့် ၂၀၀၄ ခုနှစ်ကတည်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ရေးတို့အတွက် အမေရိကန် ဒေါ်လာ ၂၁သမ ၉၄ သန်း ကျခံသုံးစွဲခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိန်းချုပ်နိုင်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရေလွှမ်းမှုများကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ များပြားလာမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ ယခုအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပီရူးတွင် မူးယစ်မှောင်ခိုဂိုဏ်းဦး ဖမ်းမိ

လီမာ ဇူလိုင် ၁၄

ပီရူး ရဲတပ်ဖွဲ့သည် တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုဖြင့် ဂိုဏ်းဦးကို ဖမ်းဆီး တရားစွဲဆိုခဲ့ကြောင်း ဇူလိုင် ၁၀ရက်၌ ထုတ်ဖော် ပြောကြားခဲ့သည်။

အဖမ်း ခံရသူများတွင် မက္ကဆီကိုနိုင်ငံသား တစ်ဦးပါဝင်သည်ဟု ပီရူး အမျိုးသား ရဲတပ်ဖွဲ့က ပြောကြားကြောင်း အဆိုပါ သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဖမ်းဆီးရမိ

အယ်လ် ကာ လွိုက် ၁၀၈ ကီလို၊ ဓာတုပစ္စည်း ၂၄၈ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် အက်ဖီဒရင်း ဆေးတစ်မျိုးပါဝင်သည့် နက်စတီဓောလ် ဆေးပြား ၂၀၇၀၀ တို့ကိုလည်းရဲတပ်ဖွဲ့ကဖမ်းဆီးမိခဲ့ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနေနှင့် ပတ်သက်ခြင်းမရှိ

လန်ဒန် ဇူလိုင် ၁၄

နေရောင်ခြည် ထုတ်လုပ်ပေးမှု ပမာဏပြောင်းလဲခြင်းကြောင့် မျက်မှောက်ကာလ ရာသီဥတုပြောင်းလဲမှုကို ပေါ်ပေါက်စေခြင်း မဟုတ်နိုင်ကြောင်း နောက်ဆုံး သိပ္ပံလေ့လာတွေ့ရှိချက်က ကောက်ချက်ချလိုက်သည်။

ပြောကြား

ဗြိတိန်နိုင်ငံ ရူသာဖို့အက်ပဲတန် ဓာတ်ခွဲခန်းမှ ဒေါက်တာလော့ဝုဒ်နှင့် ဆွစ်ဇာလန်နိုင်ငံ ကမ္ဘာ့ရေဒီရေးရှင်းဌာနမှ ကလော့ဖရိုလစ်ချ်တို့နှစ်ဦးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကျဆင်း

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်းတွင် နေရောင်ခြည် ထုတ်လုပ်ပေးမှု ပမာဏ ကျဆင်းသည့်ကြားမှပင် ကမ္ဘာပေါ်၌ အပူချိန်မှာ မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည် ဆိုသည်။

အကျိုးသက်ရောက်

ဤကမ္ဘာမြေသို့အာကာသအတွင်းမှ လာသော ရောင်ခြည်များက အတိတ်ကာလတွင် ရာသီဥတု ပြောင်းလဲအောင် အကျိုးသက်ရောက်ကောင်း သက်ရောက်မည် ဖြစ်သော်လည်း မျက်မှောက်ကာလ၌ ထိုသို့မဟုတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

(အင်တာနက်)

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဗီယက်နမ်ဖိတ်ခေါ်

ဟန္တိုင်း ဇူလိုင် ၁၄

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းပြည်နယ်များဖြစ်သည့် လမ်စွန်၊ ကိုဘန်နှင့် ဘက်ကန်ဒေသများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းနှင့်ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း ဗီယက်နမ် နယူးစ်သတင်းစာက ဇူလိုင် ၁၀ရက်၌ ဖော်ပြသည်။

အဓိကထားဆောင်ရွက်

ယင်းပြည်နယ်သုံးခု၌ သဘာဝသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောရေးရာလုပ်ငန်းများ၊ ရေအားလျှပ်စစ်ဆိုင်ရာကဏ္ဍများ၊ နယ်ခြားကုန်သွယ်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဇူလိုင် ၉ရက်က ကျင်းပသည့် ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းနှီးနှောဖလှယ်ပွဲ၌ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ထရန်ဗန်ထရွန်က ပြောကြားသည်။

၎င်းပြည်နယ်များဖွံ့ဖြိုးရေးအတွက် ဗီယက်နမ်ဘဏ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ဘီလီယံ မတည်ပေးမည်ဖြစ်ပြီး၊ လုပ်ငန်းစီမံကိန်းသစ် ကိုးခုအတွက်အမေရိကန်ဒေါ်လာ၂၈၆သန်း ခွင့်ပြုရန်လျာထားသည်။ လမ်စွန်ပြည်နယ်၌ အမေရိကန် ဒေါ်လာ ၉၈သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ထို့အပြင် တရုတ်နှင့်ဗီယက်နမ် နှစ်နိုင်ငံအကြား၌ လုပ်ငန်းဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ရာ နန်နင်း-လမ်စွန်-ဟန္တိုင်းနှင့် ဟိုင်ပေါင်မြို့များ၌ စီးပွားရေး ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ လမ်စွန်၊ ဘင်ကန်နှင့် ကိုဘန် ဒေသများမှာ တရုတ်နိုင်ငံနှင့်နယ်နိမိတ် ထိစပ်နေသည့် ဒေသများဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာဖရိက အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်သရုပ်ပြနေသူများကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အေသင်၌ ရထားနှစ်စင်းမျက်နှာချင်းဆိုင်တိုက်မိ

အေသင် ဇူလိုင် ၁၄

ဂရိနိုင်ငံ အေသင်မြို့၌ ဇူလိုင် ၁၂ရက်က ခရီးသည်တင် ရထားနှင့် ကုန်ရထားတို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

ဒဏ်ရာရ

ရထားနှစ်စင်း၏ စက်ခေါင်းပိုင်းများ ပျက်စီးသွားခဲ့ကြောင်း၊ ခရီးသည် ၅၀ ခန့်မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများ၏ ထက်ဝက်ခန့်မှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း၊ ယခုဖြစ်ပွားမှုမှာ မတော်တဆ ဖြစ်ရပ်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကရာတေးဒိုပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၇ခုနှစ် (၁၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်တော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၈နာရီခွဲက အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် တက်ရောက်၍ ဆုများချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင်၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

တံခွန်စိုက်ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲတွင် တစ်ဦးချင်း(ကုမိတဲ့) ပြိုင်ပွဲများ၊ တစ်ဦးချင်း(ခတ) ပြိုင်ပွဲများ၊ အသင်းလိုက်(ကုမိတဲ့)ပြိုင်ပွဲများ၊ အသင်းလိုက်(ခတ)ပြိုင်ပွဲများနှင့် အလွတ်တန်း တစ်ဦးချင်း(ကုမိတဲ့) ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများက ဆုများချီးမြှင့်ပေးအပ်ပြီး တံခွန်စိုက်ဒိုင်းဆုရရှိသွားသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာတစ်နိုင်ငံလုံးရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အခြေခံပညာ ကျောင်းများအား အခြေခံဘာသာရေး စာအုပ်များလှူဒါန်းရန် ဇူလိုင် ၁၃ ရက်က တာမွေမြို့နယ် ကျိုက္ကဆံလမ်းနေ ဆရာမကြီးဒေါ်ရွှေပု (DSP ပညာရိပ်သာ)မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀ ကို ဗုဒ္ဓမ္မဒါနစေတနာရှင်များအဖွဲ့ အဖွဲ့ဝင် သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင်တင်ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်းဘူးခရိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း ကုန်သွယ်လယ်ယာ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့နေ မင်းဘူးခရိုင်အသင်းဝင်များ၊ စကု၊စလင်း၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း၊ ငဖဲမြို့နယ်များမှ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲ အလှူဒါနပြုလိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်) ဖုန်း-၇၀၄၇၉၆နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(ရေ-ငြိမ်း) ဖုန်း - ၅၇၇၇၄၃တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၇-၂၀၀၇ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၅	၇။	ဒေသဖွံ့ဖြိုးတိုးတက်စေမည် ဒုဋ္ဌဝတီ
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	Yan Can Cook
၁၁း၅၅	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **ကမ္ဘာကြီးကို ကျေးဇူးတင်တယ်** ထူးလွင်၊ ဇော်ဝမ်း၊ ပပဝင်းခင်၊ ဆုယမင်းထက်၊ ခိုင်ဇာ (ဒါရိုက်တာ-နေလ)
၁၃း၅၀	၆။	စက္ကူအလင်းအောင်ပွဲဆင် တောင်သာမြို့တစ်ခွင်ပီတိရွှင်
၁၄း၀၅	၇။	တေးဂီတအစီအစဉ်
၁၄း၁၅	၈။	အတီးပြိုင်ပွဲ
၁၄း၃၀	၉။	**ညှော်မယ်ဇိုး** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၄း၄၅	၁၀။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၀	၄။	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး
၁၆း၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) [မြန်မာစာ]
၁၇း၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	သီရိဂေဟာ
၁၉း၀၀	၁၁။	အလှတွင်အယဉ်ဆင့် အသွင်တင့်နေသည့်မိတ္ထီလာကန်
၁၉း၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၄၃)
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း-၆)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဝါတွင်း လယ်တီတရားစခန်းများ

ရန်ကုန် ဇူလိုင် ၁၄

စစ်ကိုင်းတိုင်း မုံရွာမြို့ သုခမ္မစာရီ ဗိမာန်တော်ရှိ လယ်တီဝိပဿနာအဖွဲ့ချုပ်မှ ဝါတွင်းလယ်တီတရားစခန်းများကို ဖွင့်လှစ်မည်ဖြစ်ရာ ပုလဲမြို့ ဗုဒ္ဓဝိဟာရဗိမာန်တော်၌ ဒုတိယဝါဆိုလဆန်း ၅ရက်မှ ၁၃ရက်အထိ၊ အရာတော်မြို့နယ် ဝါရောင်ကျေးရွာ မဟာသုခိတာရာမကျောင်းတိုက်၌ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်မှ ဝါခေါင်လဆန်း ၂ရက်အထိ၊ မုံရွာမြို့ သုခမ္မစာရီဗိမာန်တော်၌ ဝါခေါင်လပြည့်ကျော် ၁ရက်မှ ၉ရက်အထိ၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦးလယ်တီရိပ်သာ၌ တော်သလင်းလပြည့်ကျော် ၁ရက်မှ ၉ရက်အထိ၊ ယင်းမာပင်မြို့နယ် အင်ကြင်းတောင်တော်၌ သီတင်းကျွတ်လဆန်း ၁ရက်မှ ၉ရက်အထိနှင့် ဘုတလင်မြို့နယ် ရန်အောင်မြင်စေတီတော်၌ သီတင်းကျွတ်လပြည့်ကျော် ၁ရက်မှ ၉ရက်အထိ လယ်တီတရားစခန်းများ ဖွင့်လှစ်မည်ဖြစ်သည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဟာဝိုင်ယီကျွန်း၌ မုန်တိုင်းတိုက်ခတ် ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်၊ ကိုးဦးသေဆုံး

ဟိုနိုလူလူ ဇူလိုင် ၁၄

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း၌ ဇူလိုင် ၁၄ရက်က အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ရာ ဟာဝိုင်ယီကျွန်းကမ်းလွန်တွင် ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်သွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

နစ်မြုပ်

အဆိုပါ ကုန်တင်သင်္ဘောနစ်မြုပ်မှုကြောင့် သင်္ဘောသားကိုးဦးသေဆုံးပြီး ၁၃ဦးကိုကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း၊ တစ်နာရီ မိုင် ၇၀ နှုန်း တိုက်ခတ်ခဲ့သည့်မုန်တိုင်းကြောင့် ပင်လယ်ပြင်၌ ၂၄ပေမြင့်သော လှိုင်းများဖြစ်ပေါ်ခဲ့သဖြင့် ၎င်းကုန်တင်သင်္ဘော နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဖဂန်၌ စစ်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

မီရန်ရှိတ် ဇူလိုင် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စစ်ယာဉ်တန်းတစ်ခုကို ဇူလိုင် ၁၄ရက်က ဗုံးခွဲတိုက်ခိုက်ရာ အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်

အခင်းဖြစ်ပွားမှုမှာ အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မီရန်ရှိတ်မြို့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ ကျေးရွာတစ်ရွာအနီး၌ အာဖဂန်နစ္စတန် စစ်ယာဉ်တန်းကို လက်နက်ကိုင်များက ဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းသတင်းတွင် ဖော်ပြသည်။

အရေပြားထိန်းသိမ်းမှုအခြေခံအကြောင်းဟောပြော

ရန်ကုန် ဇူလိုင် ၁၄

သတင်းမှတ်စု-မောင်ချစ်ကြည်

Good Health ကျန်းမာရေးနှင့် အလှအပဂျာနယ်၏အထူးအစီအစဉ်အဖြစ် ကျန်းမာရေးပညာပေး ဟောပြောပွဲ(၃/၂၀၀၇)ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ International Health & Beauty Centreအပေါ်ဆုံးထပ်၌ ယနေ့ မွန်းလွဲ၁နာရီက ကျင်းပသည်။

ဟောပြော

အဆိုပါဟောပြောပွဲသို့ ဖိတ်ကြားထားသူများ၊ မီဒီယာသမားများနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပြီး အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦးက အရေပြားထိန်းသိမ်းခြင်းအခြေခံအကြောင်းကို ကျန်းမာရေးပညာပေး ဟောပြောသည်။ **(အောက်ပုံ)**

စိတ်ဝင်စားဖွယ်

ဟောပြောဆွေးနွေးပွဲ၌ အရေပြားဖွဲ့စည်းတည်ရှိပုံ၊ အရေပြားတွင် ပါဝင်သော ထပ်ပိုးလွှာ၊ အစေ့လွှာနှင့် ဆူးချွန်လွှာတို့၏ လုပ်ငန်းများ၊ အရေပြား စွမ်းဆောင်မှုကျဆင်းသော အချက်များနှင့် အရေပြားထိန်းသိမ်းမှုကာကွယ်ရန် မည်သို့ဆောင်ရွက်ရမည်ကို အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦးက စိတ်ဝင်စားဖွယ် ဆွေးနွေးသည်။

စိတ်ဖိစီးမှု

အရေပြားစွမ်းဆောင်မှု ကျဆင်းသောအချက်များမှာ အိုမင်းခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အအေးလွန်ကဲခြင်း၊ အန္တရာယ်ရှိသော ဆပ်ပြာ၊ ချေးချွတ်ဆေးများကို အသုံးပြုခြင်းနှင့် မျက်နှာ၌ လိမ်းဆေးများ အသုံးပြုခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အရေပြားထိန်းသိမ်းမှုကာကွယ်ရေးအတွက် နေရောင်ဒဏ်မှကာကွယ်ရန်၊ အသားခြောက်မှုကာကွယ်ရန်၊ ဆေးလိပ်မသောက်ရန်နှင့်အရေပြားပေါ်တွင်ဖြစ်ပေါ်တတ်သော ဝက်ခြံ၊ အဖုနှင့် အနာများကို မကုတ်ဖဲ့ရန်တို့ဖြစ်ကြောင်း ဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦးက ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(မြန်မာ့အလင်း)**

NLD သည် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့်ပူးပေါင်း နိုင်ငံတော်ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိ ကြို့ပင်ကောက်မြို့နယ်မှ ပါတီဝင် ၄၀ စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သန္တေကုန်းကျေးရွာနေ ဦးသန်းနွဲ့၊ ရခိုင်ပုကျေးရွာနေ ဦးနေဝင်း၊ ကျွန်းနက်ကုန်းကျေးရွာနေ ဦးစိန်ဝင်းတို့ အပါအဝင် ပါတီဝင် ၄၀တို့သည် ဇွန် ၂၈ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကြို့ပင်ကောက်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့်ပူးပေါင်း၍ နိုင်ငံတော်ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များကို လျစ်လျူရှုပြီး နိုင်ငံနှင့်လူမျိုးကို သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ သာသနာရေး၊ လူမှုဝန်ထမ်းနှင့် အားကစားဝန်ကြီးဌာနတို့ အနိုင်ရ

နေပြည်တော် ဇူလိုင် ၁၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်း တို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း

နံနက် ၇ နာရီခွဲပွဲ(င)အုပ်စု

သာသနာရေးဝန်ကြီးဌာန ငါးဂိုး။
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တစ်ဂိုး။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄ နာရီပွဲ(စ)အုပ်စု

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရှစ်ဂိုး။
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တစ်ဂိုး။

လယ်ဝေးမြို့နယ်အားကစားကွင်း

ညနေ ၄နာရီပွဲ (စ)အုပ်စု

အားကစားဝန်ကြီးဌာန လေးဂိုး။
ကျန်းမာရေးဝန်ကြီးဌာန ဂိုးမရှိ။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဇူလိုင် ၁၅ရက် ပေါင်းလောင်းအားကစားကွင်း၌ နံနက် ၇နာရီခွဲတွင် (ဇ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ညနေ ၄နာရီတွင် (ဇ)အုပ်စုမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

ယှဉ်ပြိုင်ကစား

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု ပြိုင်ပွဲတွင် (စ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကရင်ပြည်နယ် အကောင်းဆုံးတံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၇ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့် တိုင်း မြန်မာ့ရိုးရာ လက်ဝှေ့ လူသစ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်ဆန်းအားကစား ပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာ့ရိုးရာလက်ဝှေ့ ဝါသနာရှင်များ တစ်ခဲနက်လာရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ဗိုလ်လုပွဲတွင် (ဂ)အဆင့် နှင့် (က)အဆင့် ဗိုလ်လုပွဲ ၁၄ ပွဲ ကျင်းပရာ ကရင်ပြည်နယ်အသင်း သည် တံခွန်စိုက်ဒိုင်းဆုကြီးကို ကိုးနှစ်

(က)အဆင့် ဖဲဒသမ ၅ ကီလို လိုက်ဝယ်တာဝိတ်တန်း ဗိုလ်လုပွဲ တွင် စစ်အောင်၏ အားပါသော ညာခြေခတ်ချက် နဂါးလေး ဘယ်ဘက် ချိုင်းအောက်အား ခတ်မိထားစဉ်။ (မြန်မာ့အလင်း)

ဆက်တိုက် ရယူနိုင်သည့်အပြင် (ခ) အဆင့်ပြိုင်ပွဲတွင်လည်း ပထမဆုရရှိ သည်။

အနိုင်မခံ အရှုံးမပေး

ဗိုလ်လုပွဲများ ဖြစ်သည်နှင့်အညီ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တက် ရောက်လာသော ရိုးရာလက်ဝှေ့ အားကစားသမားများသည် ရွှေတံဆိပ် ရရှိရေးအတွက် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခိုင်ယှဉ်ပြိုင်သွား ကြရာ ပရိသတ် အကြိုက်တွေ့သည့် ပြိုင်ပွဲကြီးပင်ဖြစ်သည်။

(ဂ)အဆင့် ၄၈ကီလို လိုက် ဖလိုင်းဝိတ်တန်းဗိုလ်လုပွဲတွင် ကျွဲချို (ကရင်) နှင့် စောကရင်(ဧရာဝတီ)တို့ အနိုင်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ဒုတိယအချီ ၁ မိနစ် ၄၅ စက္ကန့်တွင် ကျွဲချို၏ ညာဖြောင့် လက်သီးဖြင့် စောကရင်ကို အလဲထိုး ၍ ပထမရွှေတံဆိပ်ကို ရရှိသွား သည်။

(ဂ)အဆင့် ၅၁ကီလို ဖလိုင်း ဝိတ်တန်း ဗိုလ်လုပွဲတွင် ဖိုးလုံး (တနင်္သာရီ)နှင့် မန္တလာအောင် (မန္တလေး)တို့ ယှဉ်ပြိုင်ကြရာ ဒုတိယ အချီ ၃၆စက္ကန့်တွင် မန္တလာအောင်၏ အားပါသောညာလက်သီး ဖိုးလုံး ဘယ် မျက်ခုံးအပေါ်စပ်ထိပြီး ပွဲသိမ်းစေခဲ့သဖြင့် မန္တလာအောင် ပထမရရှိသွားသည်။

ဘင်တန် ဝိတ်တန်း

(ဂ)အဆင့် ၅၄ ကီလို ဘင်တန် ဝိတ်တန်း ဗိုလ်လုပွဲတွင် အောင်ပိုင် လေး(မွန်)ဆေးမအောင်၍ ဇော်လင်း (ဧရာဝတီ)အနိုင်ရရှိပြီး ပထမရရှိသွား သည်။

(ဂ)အဆင့် ၅၇ ကီလို ဖယ်သာ ဝိတ်တန်းဗိုလ်လုပွဲတွင် ဝိုင်းဝိုင်း (ကရင်) နှင့် မိုးထိမိုက် (ရန်ကုန်)တို့ အကြိတ် အနယ်ယှဉ်ပြိုင်ကြရာ တတိယအချီ ၂မိနစ် ၁၀စက္ကန့်တွင် ဝိုင်းဝိုင်း၏ ဘယ်ဝိုက်လက်သီး မိုးထိမိုက် အရိုက် ကိုထိ၍ ပွဲသိမ်းစေခဲ့သည်။ ဝိုင်းဝိုင်း ပထမရရှိစေခဲ့သည်။

အလဲထိုး

(ဂ)အဆင့် ကီလို၆၀ လိုက်ဝိတ် တန်း ဗိုလ်လုပွဲတွင် ကြယ်စင်အောင် (ရန်ကုန်)နှင့် ရွှေဓား(မကွေး)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီ ၁မိနစ် ၃၅ စက္ကန့်တွင် ရွှေဓား၏ ဘယ်ဝိုက် လက်သီးက ကြယ်စင်အောင်ကို အလဲ ထိုး၍ ရွှေဓား ပထမရရှိသွားသည်။

(ဂ)အဆင့် ၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲ တွင် ဂဠုန်မင်း (ကရင်)နှင့် စီနာ (တနင်္သာရီ)တို့ယှဉ်ပြိုင်ကြရာ ပထမ အချီ ၁မိနစ် ၄၅စက္ကန့်တွင် နှစ်ဦးသား ပူးကပ်ချုပ်မိပြီး လဲကျရာ ဂဠုန်မင်း ၏ဒူး စီနာရင်ဘတ်ထိ၍ မထိုးနိုင်တော့ သဖြင့် ဂဠုန်မင်း ပထမရရှိသွားသည်။

(ဂ)အဆင့် ၆၇ကီလို ဝယ်လ်တာ ဝိတ်တန်း ဗိုလ်လုပွဲတွင် ဖိုးကေ (မန္တလေး)နှင့် စိုးတင့်(ဧရာဝတီ)တို့ ယှဉ်ပြိုင်ကြရာ ဒုတိယအချီ ၂မိနစ် ၁၃စက္ကန့်တွင် ဖိုးကေ၏ အားပါသော ဘယ်ညာလက်သီး စိုးတင့်မျက်နှာ ထိ၍ လဲကျသွားသဖြင့် ဖိုးကေ ပထမ ရရှိသွားသည်။

လိုက်ဖလိုင်းဝိတ်တန်း

ဆက်လက်၍ လေးချီ ဗိုလ်လုပွဲ များ ကျင်းပရာ (က)အဆင့် ၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်းတွင် မင်းထက် ကျော်(ကရင်)နှင့် နိုင်ဦးမောင်(ဧရာ ဝတီ) တို့ ဗိုလ်လုပွဲဆင်နွှဲရာ ပထမ အချီ ၃၈စက္ကန့်တွင် နိုင်ဦးမောင် အတင်းလိုက်ထိုးရာ မင်းထက်ကျော် ရှောင်ရင်း တိမ်းရင်းဖြင့် သူ၏ ပြင်း ထန်သော ဘယ်ထောက်လက်သီး နိုင်ဦးမောင်၏ အရိုက်ကို ထိမိ၍ ပွဲသိမ်းသွားသဖြင့် မင်းထက်ကျော် ပထမရရှိသွားသည်။

(က)အဆင့် ၅၁ကီလို ဖလိုင်း ဝိတ်တန်း ဗိုလ်လုပွဲတွင် ထစ်ချုံး (ရန်ကုန်) ဆေးမအောင်၍ ခိုင်လင်း အနိုင်ရရှိပြီး ပထမရရှိသွားသည်။

(က)အဆင့် ၅၄ကီလို ဘင်တန် ဝိတ်တန်းဗိုလ်လုပွဲတွင် မဟာ(မန္တလေး) နှင့် သိုးကောင်း(ရန်ကုန်) တို့ ယှဉ်ပြိုင် ကြရာ ပထမအချီ ၃၉စက္ကန့်တွင် သိုးကောင်း၏ အားပါသည့် ညာခြေ ခတ်ချက် မဟာ၏ အရိုက်ကို ထိ၍ လဲကျသွားပြီး အလဲထိုးဖြင့် သိုးကောင်း ပထမရရှိသွားသည်။

အမှတ်ပေးချက်

(က)အဆင့် ၅၇ ကီလို ဖယ်သာ ဝိတ်တန်း ဗိုလ်လုပွဲတွင် ရှမ်းသွေးလေး (ရန်ကုန်) နှင့် ရွှေထွန်းယုံ (ကရင်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ စတုတ္ထ အချီအထိ သရေဖြစ်နေ၍ ဒိုင်လူကြီး များ၏ အမှတ်ပေးချက်အရ ရှမ်းသွေး လေး ပထမရရှိသွားသည်။

(က)အဆင့် ကီလို ၆၀လိုက်ဝိတ် တန်း ဗိုလ်လုပွဲအဖြစ် ရဲမာန်စိုး (ကရင်) နှင့် ရှမ်းလေး(ရန်ကုန်) တို့ ယှဉ်ပြိုင် ကြရာ ပထမအချီ ၁မိနစ် ၃၄ စက္ကန့် တွင် ရဲမာန်စိုး၏ ညာခြေကန်ချက်က ရှမ်းလေးကို အလဲထိုးနိုင်သဖြင့် ပထမ ရရှိသွားသည်။

(က)အဆင့် ၆၃ဒသမ၅ကီလို လိုက်ဝယ်တာဝိတ်တန်း ဗိုလ်လုပွဲ တွင် စစ်အောင်(ကရင်)နှင့် နဂါးလေး (တနင်္သာရီ)တို့ ယှဉ်ပြိုင်ကြပြီး စတုတ္ထ အချီ ၁မိနစ်စက္ကန့်၂၀တွင် စစ်အောင် ညာခြေ ခတ်ချက်ဖြင့် နဂါးလေးကို အလဲထိုး အနိုင်ရရှိသွားသည်။

လူသစ်တန်းပြိုင်ပွဲ

အကောင်းဆုံး လက်ဝှေ့သမား ဆုများကို လူသစ်တန်း ပြိုင်ပွဲတွင် သားသား(တနင်္သာရီ)၊ (ခ)အဆင့် ပြိုင်ပွဲတွင် ဒိန်း(ရန်ကုန်)၊ (ဂ)အဆင့် ပြိုင်ပွဲတွင် ဝိုင်းဝိုင်း(ကရင်)၊ (က)အဆင့် ပြိုင်ပွဲတွင် စစ်အောင်(ကရင်) တို့ ရရှိ သွားသည်။

(က)အဆင့် (၅၇)ကီလို ဖယ်သာဝိတ်တန်း ဗိုလ်လုပွဲတွင် ရှမ်းသွေးလေး (ရန်ကုန်)၏ ဘယ်ခြေပတ်ခတ်ချက် ရွှေထွန်းယုံ၏ ညာဘက်နားထင်အား ထိမိထားစဉ်။ (မြန်မာ့အလင်း)

ဆုများကို မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် နှင့် မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့် သည်။

အကောင်းဆုံးလက်ဝှေ့သမားဆု

ဆုပေးပွဲအပြီးတွင် အကောင်း ဆုံး လက်ဝှေ့သမားဆုရ ကရင်ပြည် နယ်မှ စစ်အောင်နှင့် ဝိုင်းဝိုင်းတို့နှင့် မြန်မာ့အလင်းက တွေ့ဆုံ၍ သူတို့၏ ရင်တွင်းခံစားချက်များကို မေးမြန်းခဲ့ ပါသည်။

(က) အဆင့် ၆၃ ဒသမ ၅ ကီလို လိုက်ဝယ်တာဝိတ်တန်းတွင် အကောင်းဆုံး လက်ဝှေ့အားကစား သမား သူရစစ်အောင်(ကရင်)က **"ယခု ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ပါဝင် ယှဉ်ပြိုင်ခြင်း ဖြစ်ကြောင်း၊ ယခင် ရွှေခါးပတ်ပွဲမှာ ပါဝင်ယှဉ်ပြိုင် ခဲ့ပြီး ဆီမီးဖိုင်နယ်အထိတက်ရောက် နိုင်ခဲ့ကြောင်း၊ ယခုလို အကောင်းဆုံး ဆုရရှိသည့်အတွက် ဝမ်းသာပီတိ ဖြစ်ရပြီး မိမိပြည်နယ်အတွက် ဂုဏ်ယူ ပါကြောင်း"** ရှင်းပြသွားသည်။

(ဂ)အဆင့် ၅၇ကီလိုဖယ်သာ ဝိတ်တန်းအကောင်းဆုံး မြန်မာ့ရိုးရာ လက်ဝှေ့ အားကစားသမားဆုရှင် ဝိုင်းဝိုင်းက **"မိမိ ယခုလို အကောင်း ဆုံးဆုရသည့်အတွက် အလွန်ဝမ်းသာ မိကြောင်း၊ မိမိ မြန်မာ့ရိုးရာလက်ဝှေ့ ပွဲပေါင်း၂၀ ယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပွဲတိုင်းတွင် ပြိုင်ဘက်ကို အထင်မသေးဘဲ ယှဉ်ပြိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ယခုထက်ပို၍ စနစ် တကျ လေ့ကျင့်ပြီး မြန်မာ့ရိုးရာ လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ရန် ရည်ရွယ်ထားကြောင်း"** မြန်မာ့ အလင်းသို့ ရှင်းပြသွားသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာလက်ဝှေ့ (က)အဆင့်ပြိုင်ပွဲနှင့် နဝမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ကရင်ပြည်နယ်အသင်းဆုယူအပြီး ဆုများနှင့် ဤသို့ပျော်မြူးခဲ့ကြသည်။ (မြန်မာ့အလင်း)

သတင်းမြင့်ကျွင်းနှင့် ဓာတ်ပုံ သိန်းဝင်းလေး (မြန်မာ့အလင်း)

15-7 (12) 1 7/15/07, 2:57 AM

အမျိုးသားညီလာခံ ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၄

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကချင်ပြည်နယ်တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။ **(အောက်ပုံ)**

ကြိုဆို

အဆိုပါ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ ရက်က ပြင်သစ်သမ္မတနိုင်ငံ အမျိုးသား နေ့ အထိမ်း အမှတ် ညစာစားပွဲသို့ တက်ရောက် လာ သော နိုင် ငံ ခြား ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး ဉာဏ် ဝင်း အား ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ပြင်သစ် သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr. Jean- Pierre LAFOSSE ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒိုက်ဦးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကိုဇူလိုင်၂၈ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၃၀၃/၃၀၄ ပန်းဆိုးတန်းလမ်း ကျောက်တံတား မြို့နယ် ဗုဒ္ဓဝေယျာဝစ္စမ္မောရုံ၌ ကျင်းပမည် ဖြစ်သည်။

ဒိုက်ဦးဇာတိနွယ်ဖွား သံဃာတော်များဖြစ်သည့် 'ပ' သုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇောတိက (ဓမ္မာစရိယ)အမှူးပြု သော သံဃာတော် ငါးပါးအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် နာယကများ ဦးဘစော ဖုန်း– ၆၈၀၇၂၃၊ ဒေါ်ရီရီလှ ဖုန်း–၅၀၃၁၈၂၊ ဦးမောင်မောင်ဌေး ဖုန်း– ၃၇၃၉၇၇၊ ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း ဖုန်း–၅၆၅၄၂၁၊ ၀၉–၈၀–၂၃၅၀၀၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း– ၂၀၁၁၄၂၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်အုန်း ဖုန်း–၃၈၆၆၁၂၊ အတွင်းရေးမှူး ဦးတင်နု ဖုန်း–၅၈၄၂၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲပြီးစီး စီးပွား/ကူးသန်းက စွမ်းအင်ကိုအနိုင်ရဗိုလ်စွဲ

သတင်းမြင်ကွင်း – ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း (မြန်မာလိဂ်) ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ စီးပွား/ကူးသန်းအသင်းက စွမ်းအင်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ရှစ်ဂိုး–ခုနစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပထမဆု ရရှိသွားသော စီးပွား/ကူးသန်းအသင်းအား ဆုချီးမြှင့်စဉ်။(မြန်မာ့အလင်း)

ပွဲကောင်းတစ်ပွဲ

ခြေရည်တူနှစ်သင်း ဆုံတွေ့သော ဗိုလ်လုပွဲစဉ်ဖြစ်ရာ ဘောလုံးရသ ပေးနိုင်သည့် ပရိသတ်အကြိုက်ပွဲကောင်း တစ်ပွဲဖြစ်ခဲ့သည်။ စီးပွား/ကူးသန်းအသင်းသည် နောက်မှလိုက်၍ ချေပဂိုးများ သွင်းယူနိုင်ပြီး ပယ်နယ်တီ အဆုံးအဖြတ်တွင်လည်း ရှစ်ဂိုးဝင်အောင်သွင်းကာ စုစုပေါင်း၁၁ဂိုး–၁၀ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ စွမ်းအင်အသင်းသည် အချိန်ပို ဒုတိယပိုင်း ပြီးကာနီးတွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဦးဆောင်ဂိုးရရှိသော်လည်း ဆုဖလားနှင့် လက်တစ်ကမ်းအလိုရောက်မှ လက်လွှတ်ခဲ့ရသည်။

စွမ်းအင်အသင်းတွင် ပထမဂိုးကို ပွဲအချိန်မိနစ် ၃၀တွင် အောင်ကျော်မျိုးက သွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၈မိနစ်တွင်ရာဇာဝင်းသိန်း ဖြတ်ပို့ပေးသည့် ဘောလုံးကို မျိုးမင်းထွန်းက ဘယ်ခြေဖြင့်ပိတ်သွင်းယူသည်။ စီးပွား/ကူးသန်းအသင်းသည် ပထမပိုင်း၌ အချိတ်အဆက်မိမိဖြင့် ခြေအသာစီးမှ ကစားနိုင်ခဲ့သည်။ စွမ်းအင်အသင်းက ခံစစ်အသွင်မှ တန်ပြန်တိုက်စစ်ကို ဦးစားပေး ကစားသွားသည်။

ကစားကွက်ဖော်

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားကွက်ဖော်ကာ အပြန်အလှန်ထိုးဖောက်ကစားရာ အကြိတ်အနယ်ရှိခဲ့သည်။ စီးပွား/ကူးသန်းအသင်းက တင်မင်းထွန်းအစား မျိုးလှိုင်ဦး၊မျိုးမင်းထွန်းအစား မင်းကိုကိုတို့ကိုလူစားလဲ၍ တိုက်စစ်အားမြှင့်တင်ခဲ့သည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ပြီးဆုံးသည်အထိ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်၍ အချိန်ပိုမိနစ် ၃၀ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပိုဆက်ကစားရာတွင် စီးပွား/ကူးသန်းအသင်းက ချမ်းချမ်းအစား ဇော်လင်းထွန်းကို လူစားလဲကစားပြီး စွမ်းအင်အသင်းကလည်း မျိုးဇော်ဦးအစား ဝေယံမောင်၊ အောင်ကျော်မျိုးအစား ဉာဏ်ထွန်းအောင်တို့ကို လူစားလဲ၍ကစားအားမြှင့်တင်ခဲ့သည်။ အချိန်ပိုပထမပိုင်း ၄မိနစ်တွင် စီးပွား/ကူးသန်းအသင်းအတွက် ဒုတိယဂိုးကို စထက်နိုင်ဝင်းက ခေါင်းတိုက်သွင်းယူပေးသည်။စီးပွား/ကူးသန်းအသင်းက အနိုင်ဂိုးကိုထိန်းကစားနေစဉ် စွမ်းအင်အသင်းအတွက် ချေပဂိုးကို အချိန်ပို ပထမပိုင်း ၁၁မိနစ်တွင် စိုင်းသန်းအောင်က ခေါင်းတိုက်သွင်းယူပေးသည်။

ချေပဂိုးသွင်းယူ

အချိန်ပို ဒုတိယပိုင်း ၁၀မိနစ်တွင် စွမ်းအင်အသင်းက ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ နိုင်ဝင်းက ကန်သွင်းယူ၍ တတိယဂိုးရရှိသွားသည်။ ပွဲချိန်ပြီးဆုံးခါနီး၌ စီးပွား/ကူးသန်း အသင်းအတွက် မျိုးလှိုင်ဦးက ချေပဂိုးသွင်းယူနိုင်ခဲ့၍ ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရသည်။

ပယ်နယ်တီကန်သွင်းပြီး ဆုံးဖြတ်ရာတွင် စီးပွား/ကူးသန်းအသင်းက ရှစ်ဂိုးဆက်တိုက် ဂိုးဝင်ပြီး စွမ်းအင်အသင်းက ခုနစ်ဂိုးဆက်တိုက် ဂိုးဝင်သော်လည်း ရှစ်ဂိုးမြောက်တွင် ဂိုးပေါက်လွဲချော်၍ ယမန်နှစ် ကွင်းပိတ်ပြိုင်ပွဲကဲ့သို့ပင် ပယ်နယ်တီဖြင့် ရှုံးနိမ့်သွားခဲ့ရခြင်း ဖြစ်သည်။ စီးပွား/ကူးသန်းအသင်းအတွက် မိုးဝင်း၊ အောင်မျိုးသန့်၊ ဇော်လင်းထွန်း၊ မျိုးဇော်ထွန်း၊ ရာဇာဝင်းသိန်း၊ မင်းသူ၊ မင်းကိုကိုနှင့် ကျော်ဇင်ဝင်းတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ကြသည်။ စွမ်းအင်အသင်းအတွက် ကျော်ခိုင်ဝင်း၊ ဝေယံမောင်၊ အောင်ကျော်မိုး၊ နိုင်ဝင်း၊ ဇော်ထက်အောင်၊ နိုင်လင်းထွန်းနှင့် လင်းလင်းထွေးတို့ ဂိုးဝင်အောင် ကန်သွင်းနိုင်ပြီး ဉာဏ်ထွန်းအောင် ကန်သွင်းမှုမှာ ဂိုးပေါက်လွဲသွားသည်။

ဆုပေးပွဲ

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က ဒုတိယရရှိသွားသော စွမ်းအင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း၂၀ကိုပေးအပ်ချီးမြှင့်သည်။

ပထမဆု ရရှိသော စီးပွား/ကူးသန်းအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမရရှိသော စီးပွား/ကူးသန်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၃၀ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသောစီးပွား/ကူးသန်းအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

ရည်မှန်းချက်ထား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးနီပေါ(အင်ဂျင်နီယာချုပ်)က **"ကျွန်တော်တို့ အခုလို အနိုင်ရဗိုလ်စွဲတာဟာ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်အောင်မြင်မှုရတယ်လို့ ဆိုရမှာပါ။ ဝန်ကြီးနဲ့ဒုတိယဝန်ကြီးတို့က ဘောလုံးအသင်းကို အထူးအားပေးပြီး အောင်မြင်မှုရရှိဖို့အတွက် ဗိုလ်လုပွဲ မတိုင်မီ လမ်းညွှန်မှာကြားခဲ့ပါတယ်။ ကျွန်တော်တို့အသင်း အောင်မြင်မှုရရှိရေးသာမက မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် ဘောလုံးသမားကောင်းတွေ မွေးထုတ်ပေးနိုင်ဖို့ ရည်မှန်းချက်ထားပြီး လုပ်ဆောင်နေတာပါ။ စိတ်ဓာတ်နဲ့ စည်းကမ်း ကောင်းမွန်မှုကြောင့် အောင်မြင်မှုရရှိခဲ့တာဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲမှာလည်း ပထမဆုရဖို့ ဆက်လက်ကြိုးစားသွားမှာပါ"**ဟု ပွဲအပြီးတွင် ပြောကြားသွားသည်။

စီးပွား/ကူးသန်းအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်းကလည်း **"ပထမပိုင်းမှာ ရသင့်တဲ့ဂိုးတွေ မရလိုက်လို့ ယခုလို ပယ်နယ်တီကန်ရတဲ့အထိ ရောက်သွားတာပါ။ဒီနေ့ပွဲဟာအသင်းကြီး နှစ်သင်းဆုံတွေ့တာဖြစ်သလို အနိုင်ရရှိရေးအတွက် အထူးကြိုးစား ကစားကြတာ ဗိုလ်လုပွဲပီသပါတယ်။ အရှုံးဂိုးကို လိုက်ချေရတဲ့အတွက် ပယ်နယ်တီကန်တဲ့အခါ စိတ်ဓာတ်မြင့်မားပြီး ယုံကြည်ချက်ရှိရှိနဲ့ ကန်နိုင်ကြလို့ အနိုင်ရရှိခဲ့တာပါ"** ဟု ပွဲအပြီးတွင် ပြောကြားသွားသည်။

တင်ကစားနိုင်

နည်းပြချုပ် ဦးဉာဏ်ဝင်းကလည်း **"ကစားသမားတွေအရမ်းကြိုးစားကြတယ်၊ မလျှော့တဲ့ဖွဲ့နဲ့ကစားလို့ အခုလို အနိုင်ရတာပါ၊ နှစ်သင်းစလုံး ကစားတာ ကောင်းပါတယ်၊ စွမ်းအင်အသင်းလဲ ဘောလုံးကို ထိန်းကစားနိုင်တယ်၊ ကျွန်တော်တို့အသင်းလဲ ကစားအားကို မချဘဲ တင်ကစားနိုင်တယ်၊ ပွဲကောင်းတစ်ပွဲပါ"**ဟု ပွဲအပြီးတွင် ပြောကြားသွားသည်။

နည်းပြ ဦးအောင်နိုင်ကလည်း **"ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်းကစားတာကိုအထူးပဲအားရပါတယ်၊ လေ့ကျင့်ထားတဲ့အတိုင်းကြံ့ခိုင်မှုရော၊ သက်လုံရောကောင်းတယ်၊ အချိန်ပိုမှာတော့ ကျွန်တော်တို့အသင်း ကံတရားရဲ့ မျက်နှာသာပေးမှုကိုရတယ်လို့ ဆိုရမှာပါ၊ စွမ်းအင်အသင်းလဲ ကစားတာ ကောင်းပါတယ်၊ ကျွန်တော်တို့ဆုဖလားတွေရအောင် ဆက်ပြီးကြိုးစားသွားမှာပါ"** ဟု ပွဲအပြီးတွင် ပြောကြားသွားသည်။

တာဝန်ယူဆောင်ရွက်

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ၌ နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲသွားသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဘောလုံးဆပ်ကော်မတီ နာယကအဖြစ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ ဥက္ကဋ္ဌအဖြစ် ဦးနီပေါ (အင်ဂျင်နီယာချုပ်)၊ အတွင်းရေးမှူးအဖြစ် ဦးစန်းထွန်း (ဒုတိယအထွေထွေမန်နေဂျာ) တို့က တာဝန်ယူဆောင်ရွက်ကြသည်။

စီးပွား/ကူးသန်းဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း၊ နည်းပြချုပ်အဖြစ် ဦးဉာဏ်ဝင်း၊ နည်းပြအဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးစိုးမိုး၊ ဦးတင်လှိုင်နှင့် ဦးမျိုးထွန်းတို့က တာဝန်ယူဆောင်ရွက်ကြသည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် **(ဂိုး)** သီဟစည်သူ၊ ဇော်မိုးထက်၊ တင်ယု၊ **(နောက်တန်း)**၊ မင်းသူ (အသင်းခေါင်းဆောင်)၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ကျော်ကျော်ထွန်း၊မျိုးဇော်ထွန်း၊ချမ်းချမ်း၊ မန်းကျော်ထူး၊ ဇော်ခါ၊ ဇော်ဇော်အောင်၊ ကျော်ဇေယျ၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ ဝင်းသိန်းဦး၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ တင်မင်းထွန်း၊ မင်းကိုကို၊ ဘိုဘိုအောင်၊ **(ရှေ့တန်း)** မျိုးလှိုင်ဦး၊ စထက်နိုင်ဝင်း၊ ကျော်ဇင်ဝင်း၊ ဘီဂျိမ်းဒွေး၊ ဟိန်းဇာထွန်းတို့ ပါဝင်ကြကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

15-7 (13) 1 7/15/07, 2:57 AM

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ကိုဌှန်လွင်(ခ)ကိုတင်အောင်လွင် Managing Director, Star Business Group & The Star Model International Company Limited ၏ ၁၅-၇-၂၀၀၇ ရက် (တနင်္ဂနွေနေ့)တွင် ကျရောက်သော မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင် ချမ်းမြေ့ဖွယ် ကောင်းသော အနာဂတ်ကိုပိုင်ဆိုင်နိုင်ပြီး အောင်မြင်မှုများကို ထာဝရ ဆွတ်ခူးနိုင်ပါစေ။

မေမေ – ဒေါ်မြမြအေး

ကိုကြီး – ဦးအောင်မိုးကျော်
Managing Director, IBTC & Group of Companies

မမကြီး – ဒေါ်မာမာထွန်း
Executive Director, MGS Group of Companies

ချစ်တူမ – မပွင့်

ချစ်တူလေး – မောင်ကျော်ထက် (Jerimies)။

ဦးကျင်စွမ်း၊ဒေါ်ကျင်ရွှေ(ကျားသက်နံ)သားကြီးဦးမျိုးမြင့်၊ဒေါက်တာညွန့်ညွန့်ရီ

ပေါ်ပင်မင်းသက်နိုးတိုက်

၀၉၅၀၂၅၁၁၆၊ ၀၉၅၀၁၀၉၁၉၊ ၅၂၁၅၂၂

ဒေါက်(၁၄)၊ အနော်ရထာလမ်း၊ (အနော်ရထာဒီမိုရှာ) ဘီခင်လမ်းထိပ်၊ ပုဇွန်တောင်ကြက်တန်း။

အဲယားကွန်း

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၀-၂၂၇၈၀။

တတ်ပုံကူးဈေးနှုန်းအထူးအစီအစဉ်
ဇူလိုင် (၁၅) ရက်နေ့မှ စက်တင်ဘာ (၁၅) ရက်နေ့အထိ
မင်းမင်းကျော်ဒစ်ဂျစ်တယ်ကာလာအမြန်
ဒစ်ဂျစ်တယ်ဓာတ်ပုံကူးဆိုင်
Digital နှင့် Film မှ
4×6 - 75- ကျပ် (၃၅ပုံအထက်ကူး)
အမှတ်၁၃၅၊ ၃၄လမ်း(လယ်)၊ရန်ကုန်

မိုးလေဝသအခြေအနေ

၁၅-၇-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် မိုးအသင့်အတင့် ရွာမည်။

အမြန်ဆက်သွယ်ရန်

တန့်ယန်းမြို့နယ်၊မိုင်းဟောင်းကျေးရွာနေ (ဖ) ဦးသားမြင်း၏သမီး မအိရွှေ(၁၂)နှစ်(ဝလူမျိုး) အား လာရောက်ခေါ်ယူသွားသည့် မိသားစုများမှ အမြန်ဆက်သွယ်ပေးပါရန်။

မအိအိထွေး၊ ကိုမောင်စိုး
ဖုန်း-၆၆၀၉၇၇၊ ၆၆၁၉၉၈။

GOLD PRIZE ENGLISH
ပညာရှင်ပီသစွာ ဆရာပီသစွာ ရေးသားပြုစုထားသည်။
ရွှေဆု ဦးဇော်လှ
အခြေခံပညာအထက်တန်းအတွက်
အင်္ဂလိပ်သဒ္ဒါစာအုပ်
ထွက်ပြီ
ရန်ကုန်ဖြန့်ချိရေး - A&S Ph : 291081

ဦးကျော်ဇေယျ
တရားစွဲဆိုရန် ခွင့်ပြုမိန့်
SANCTION
စာအုပ်ဆိုင်ကြီးများပေါ်ရောက်ပါပြီ။ ဖုန်း-၀၉၅၁ ၅၃၆၄၀

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဝိပဿနာသင်တန်းစခန်းသိမ်းပွဲ

ရန်ကုန် ဇူလိုင် ၁၄

(၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် မိဂဒါဝုန် ဝိပဿနာသင်တန်း ၁၇ရက် စခန်းသိမ်းပွဲကို လှိုင်မြို့နယ် (၁၁) ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်၌ ဇူလိုင် ၂၉ရက်(တနင်္ဂနွေနေ့) ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ နံနက် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ လှိုင်မဟာစည်ယောဂီများ၊ အလှူရှင်များ၊ ဖြတ်ပိုင်းအကျိုးတော်ဆောင်များ၊စုဘူးအလှူရှင်များ၊ဝေယျာဝစ္စလုပ်သားအလှူရှင်နှင့်ဓမ္မမိတ်ဆွေများ ဖုန်း-၅၂၆၁၈၂၊ ၅၁၉၇၅၀တို့သို့ ဆက်သွယ်၍ အနုမောဒနာတရားနာယူကြရန် သင်တန်းဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

၁၃-၇-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ		
သမ္မတ ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ခြာကျော်ဇင်၊ ဖောစ်ကင်းကောင်၊ ကျော်ထူး၊ ရော၊ အရိုင်း၊ မိုးဒီ
သွင် ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ခြာကျော်ဇင်၊ ဖောစ်ကင်းကောင်၊ ကျော်ထူး၊ ရော၊ အရိုင်း၊ မိုးဒီ
မင်္ဂလာ ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ခြာကျော်ဇင်၊ ဖောစ်ကင်းကောင်၊ ကျော်ထူး၊ ရော၊ အရိုင်း၊ မိုးဒီ
ရွှေဆောင် ဖုန်း-[illegible]	ကျွန်တော့်ချစ်သူပြောသော သူချစ်သူအကြောင်း	လွင်မိုး၊ ခန့်စည်သူ၊ ဇော်ဝမ်း၊ နန္ဒာလှိုင်၊ ပုလဲဝင်း၊ စန္ဒီမြင့်လွင်၊ ချိုပြုံး
နေပြည်တော် ဖုန်း-[illegible]	SPIDER MAN 3	TOBEY MAGUIRE, KIRSTEN DUNST JAMES FRANCO, TOPHER GRACE
ဝင်းလိုက်(မန္တလေး) ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ခြာကျော်ဇင်၊ ဖောစ်ကင်းကောင်၊ ကျော်ထူး၊ ရော၊ အရိုင်း၊ မိုးဒီ
မြို့မ(မန္တလေး) ဖုန်း-[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ခြာကျော်ဇင်၊ ဖောစ်ကင်းကောင်၊ ကျော်ထူး၊ ရော၊ အရိုင်း၊ မိုးဒီ
ပွဲချိန် သတိ (နေ့စဉ်) ၁၀း၀၀ နာရီ ၊ ၁၂း၃၀ နာရီ ၊ ၃း၃၀ နာရီ ၊ ၆း၃၀ နာရီ ၊ ၉း၃၀ နာရီ		

မြန်မာ့အာမခံလုပ်ငန်း ဌာနတွင်းလုပ်ငန်းခွင်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ လုပ်ငန်းခွင်ဆိုင်ရာ စာရေးဝန်ထမ်းအဆင့် သင်တန်းအမှတ်စဉ်(၁၅/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၌ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အဆိုပါဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် စာရေးဝန်ထမ်းအဆင့်ရှိ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းနောက် သင်တန်းတွင် အာမခံဆိုင်ရာ ဘာသာရပ်အသီးသီးကို ရက်သတ္တသုံးပတ်ကြာပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ROLEX နှင့် SWISS နာရီများ
ဈေးမှန်ပေးဝယ်သည်။
ROLEX
ROLEX နာရီကုမ္ပဏီမှ အသိအမှတ်ပြုခဲ့သော နိုင်ငံခြားပြန် နာရီဆရာကြီး၏ ဦးဆောင်မှုဖြင့်
နာရီပြုပြင်ရေး
SWISS နာရီ နှင့် ဂျပန်နာရီ အမျိုးမျိုးကို ဆွစ်ဇာလန်နိုင်ငံနည်းပညာ "ခေတ်မီစက်ကိရိယာ" များဖြင့် အကောင်းဆုံး နှင့် အမြန် စမ်းသပ် စစ်ဆေးပြုပြင်ပေးသည်။
အမှတ် ၁၇၃၊ရွှေဘုံသာလမ်း (အလယ်သို့ကြွခဲ့ပါ) ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၄၆၈၂၄

သင်တန်းအပ်လက်ခံနေပါပြီ
၅၅၀-၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၂၄၉၀၅၅/၃၈၀၇၇၆/ ၃၈၀၁၂၉/၃၈၀၀၃၅
အခြေခံမှစ၍နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Advanced Excel :: Multimedia Creation :: Basic SE
:: Advanced SE :: Software Engineering :: Software Engineering in Database & E-Commerce :: LCCI Courses :: Networking Courses
Since 1986 KMD Computer Centre (ရုံးချုပ်)

ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ် ကြက်ဆူပင်စပေါင်းစိုက်ပျိုးပွဲ ခရမ်း၌ကျင်းပ

ခရမ်း ဇူလိုင် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကမ္ဘာ့သစ်ပင်များနေ့အထိမ်းအမှတ် ကြက်ဆူပင် စပေါင်း စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၆ နာရီက ခရမ်းမြို့နယ် ပုဂံတောင်ကျေးရွာ အဝင်လမ်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ချစ်နှင့် အဖွဲ့ဝင်များ၊ ပုဂံတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

စိုက်ပျိုး

ကမ္ဘာ့သစ်ပင်များနေ့ အထိမ်းအမှတ်အဖြစ် ပုဂံတောင်ကျေးရွာအဝင်လမ်းဘေး ဝဲယာတွင် ကြက်ဆူပင် ၁၂၀၀ ကို စပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်အထက နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး အမှုဆောင်သစ်ရွေးချယ်၊ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

ရွှေတောင် ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၏ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဆွေနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မိဘဆရာအသင်း အတွင်းရေးမှူး ဦးကြည်သောင်းက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ စာရင်းစစ် ဦးကျော်ဌေးက ငွေစာရင်းရှင်းတမ်းကို လည်းကောင်း ဖတ်ကြားတင်သွင်းပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အတွက် မိဘဆရာအသင်း အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ၁၄ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။**(အပေါ်ပုံ)**

(ကြံခိုင်ဖွံ့ဖြိုးရေးအသင်း)

ဖားကန့်မြို့၌ အမှိုက်များရှင်းလင်း နုန်းများဆယ်ယူ

ဖားကန့် ဇွန် ၂၀

ဖားကန့်မြို့တွင်းရှိရေမြောင်းများ ရေစီးရေလာကောင်းမွန် စေရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်း ဦးဆောင်သော ဝန်ထမ်းများ ဇွန် ၂ ရက်က အမှတ်(၁)လမ်းမကြီးဘေးဝဲယာတစ်လျှောက် ရေမြောင်းများအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ ရေဆိုးများထုတ်ခြင်း၊ နုန်းများဆယ်ယူခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာ ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇူလိုင် ၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၁၆)

အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲသို့ တိုးမြှင့်ဖွင့် ချို့တဲ့ကျောင်းသားများ ပညာသင်ကြားနိုင်ရေး ငွေများလှူဒါန်း

ရေတာရှည် ဇူလိုင် ၆

ရေတာရှည်မြို့နယ် ရွှေကဖောင်း အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၃၀ရက် နံနက်၉ နာရီက အဆိုပါအခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ရွှေကဖောင်း အခြေခံပညာ အလယ်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မှာကြား

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်က သင်ကြားမှု၊ သင်ယူမှု အရည်အသွေး မြင့်မားရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်အောင်ဆောင်ရွက်ရေး ပြောကြားပြီး ဆွာအခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဌေးက ကျောင်းလုပ်ငန်းဆိုင်ရာများနှင့် ပညာရည်ဖွံ့ဖြိုးရေး ကိစ္စရပ်များအတွက် ဆောင်ရွက်ရေးကို ဆွေးနွေးမှာကြားသည်။

လက်ခံယူ

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးစောအဲရနီက ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တာဝန်ရှိသူများအား ပေးအပ်သည်။ ထို့နောက် ကျောင်းနေရန် ခက်ခဲသော ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် မြို့နယ်ဥက္ကဋ္ဌက အလှူငွေကျပ်၂၀၀၀၀၊ နယ်မြေခံတပ်ရင်းမှ အလှူငွေ ကျပ် ၁၀၀၀၀နှင့် စေတနာရှင်တစ်ဦးက အလှူငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူကြောင်း သိရသည်။ **(က-ပ)**

အရန် သားဖွားသင်တန်း မူဆယ်၌ဖွင့်

မူဆယ် ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ် ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် အရန်သားဖွား သင်တန်း (၁/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက မူဆယ်မြို့ ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် အဖွဲ့ဝင် များ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ညွှန့်ရီနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အခြားလူမှုရေး အသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါက သင်တန်းသူများအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွှန့်ရီက ငွေကျပ် ၅၀၀၀၀ ကို ပေးအပ်သည်။

အခမ်းအနားသို့ သင်တန်းသူ ၂၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန် ဆေးတက္ကသိုလ်(၂) အပိုင်း(က) နောက်ဆုံးနှစ်ဆေး ကျောင်းသူ၊ ကျောင်းသားများ ဇွန် ၁၉ ရက်က ပဲခူးတိုင်း သနပ်ပင်မြို့မ စည်ပင်သာယာ ဈေးအတွင်း အမှိုက်များသိမ်းဆည်းမှု၊ စွန့်ပစ်မှုနှင့် သားငါး ရောင်းချသည့် နေရာများတွင် ယင်နှင့် အနံ့အသက်ဆိုးများ မရှိစေရေး ဆောင်ရွက်ထားမှုနှင့် ဈေးအတွင်း ရေစီးရေလာကောင်းစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်မှုတို့ကို ကွင်းဆင်းလေ့လာကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးစဉ်။ (၃၄၇)

သစ်တောသစ်ပင် တို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက် မှန်နီကုန်းတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ပင်မရေနုတ်မြောင်း တူးဖော်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂)ဦးရန်နိုင်ညွန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေဘုံသာ အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး၊ ရှေ့လုပ်ငန်းစဉ်အတည်ပြု

လားရှိုး ဇူလိုင် ၉

လားရှိုးမြို့ ရွှေဘုံသာ အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၀၆-၂၀၀၇ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီက (၃)ရပ်ကွက် ရွှေဘုံသာမင်္ဂလာခန်းမတွင်ကျင်းပရာ အသင်းသား ၃၁၈ ဦး တက်ရောက်ကြပြီး သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးမောင်တိုးက ဆောင်ရွက်သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန (မြောက်ပိုင်း)ရုံးခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်နှင့် လားရှိုးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အယ်နီကိုင်ဖတို့က တက်ရောက်အမှာစကားပြောကြားကြပြီး အမှုဆောင်ဒါရိုက်တာအဖွဲ့၏ ၂၀၀၆-၂၀၀၇ခုနှစ် အစီရင်ခံစာနှင့် အသင်းသား စာရင်းစစ်အစီရင်ခံစာများကို လည်းကောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း တင်သွင်းအတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ် အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။ ရွှေဘုံသာအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်တွင် အသင်းသား ၄၀၇ဦး စုငွေမှာ ငွေကျပ် ၅၂၂၈၁၀၀ ရှိပြီး တစ်နှစ်အတွင်း အမြတ်ငွေ ၇၄၆၀၂၆ ကျပ် ၂၉ ပြား ရရှိသည်။

၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုလျက် ရပ်ကွက်အတွင်းရှိ အမှတ် (၃) အခြေခံပညာမူလတန်းကျောင်းအတွက် ပြင်ဆင်စရိတ်အဖြစ် ငွေကျပ်ငါးသောင်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်အတွင်း ပြန်လည်ပြုပြင်လျက်ရှိသော သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီးအတွက် နှစ်ဖက်သောမိဘများအားရည်စူး၍ မြင်းခြံမြို့ ၁၃ရပ်ကွက်နေ ဦးသန်းထွန်း-ဒေါ်ရီရီမြင့်၊ သား မောင်မျိုးမင်းသန့်၊ မောင်ကျော်ဇင်ထွန်း-မနှင်းယုကျော်၊ မြေး မထွေးအိမ့်ချစ် မိသားစုက ငွေကျပ် ငါးသိန်းကို စာချဆရာတော် ဦးသောဘနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

မြင်းခြံ ဇူလိုင် ၁

နှစ်စဉ် ကျင်းပခဲ့သည် မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားကြီး၏ (၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က ဘုရားကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက ဗုဒ္ဓပူဇနီယ ပွဲတော်ကာလအတွင်း ပွဲတော်လုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး (၉၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖွင့်လှစ်ပေးကြောင်း သိရသည်။ (၄၀၂)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၆ရပ်ကွက် အောင်မြေလမ်း အမှတ် ၄၃၃ နေ ဦးဖေအောင်-ဒေါ်ခင်စိုးမြင့်၊ သမီး မဝင်းပပအောင်၊ သား မောင်ဝင်းထူးအောင် (ခေတ္တကိုရီးယား)၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ(ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူ

တောင်ကြီး ဇူလိုင် ၇

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးရှေ့တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် စစ်ဘက်နယ်ဘက် အရာရှိကြီးများ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ ၊ အထက(၃)၊ အထက(၄)နှင့် ဘင်ခရာတပ်ဖွဲ့များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ရုံးရှေ့တွင်စိုက်ထူထားသည့် ၂၀၀၇ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က လူမှုရေးအသင်းဝင်များအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (အမျိုးသမီးရေးရာ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်ရေး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁၂ရက်က မန္တလေး အမှတ်(၁၁)အထကကျောင်း ရွှေပြည်စိုးခန်းမတွင်ကျင်းပရာ ဆရာမ ဒေါ်ကြည်ကြည်အေးက ဟောပြောစဉ်။ (၁၆၂)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဇွန် ၃ရက်က ထန်းတပင်မြို့နယ် အထကကျောင်းရှေ့နှင့် ကျောင်းဝင်းအတွင်း၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသာနို့အောင်က ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်ခရိုင် ပြန်/ဆက် စာဖတ်ဝိုင်းကျင်းပ

ပုသိမ် ဇူလိုင် ၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ဇွန် ၃၀ရက်က စာဖတ်ဝိုင်းကျင်းပရာ ဦးစီးအရာရှိ ဦးဝင်းရွှေက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း၍ ဦးစီးမှူး ဒေါ်မာလာဝင်းက နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် ၉၅ပါ ရာထူးတိုးတက်ရေးဆောင်းပါးကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးစိုးနိုင်က (ချစ်နိုင်စိတ်ပညာ)၏ အသိဉာဏ်ဗဟုသုတနှင့် စာပေဆောင်းပါးကိုလည်းကောင်း၊ ရုပ်/သံကျွမ်းကျင်(၃) ဒေါ်နုနုရီက မေ ၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရေနံ့သာမောင်ကျော်ညွန့်၏ ဖတ်မှတ်လေ့လာဆည်းပူးပါ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းရွှေက ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာများပေးအပ်ပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ ဇူလိုင် ၅

အကျဉ်းဦးစီးဌာန တောင်ငူအကျဉ်းဦးစီးနှင့် တောင်ငူလေးမိုင် ကျောက်ထုတ်အလုပ်စခန်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများပေးအပ်ပွဲကို ဇွန် ၂၀ရက် နံနက် ၉နာရီက တောင်ငူအကျဉ်းဦးစီး ဧည့်ရိပ်သာ၌ကျင်းပရာ အခမ်းအနားသို့ ပဲခူး-မကွေးတိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တောင်ငူအကျဉ်းဦးစီးမှ ဝန်ထမ်း ၇၈ဦးနှင့် မိသားစုဝင် ၆၄ဦးတို့၏ အသင်းဝင်အဆိုပြုလွှာများကို တောင်ငူ အကျဉ်းဦးစီးတာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ငွေနှင့် မိသားစုဝင်တစ်ဦးတို့ကလည်းကောင်း၊ တောင်ငူလေးမိုင် ကျောက်ထုတ်အလုပ်စခန်းမှ ဝန်ထမ်း၅၀နှင့် မိသားစုဝင် ၈၅ ဦးတို့၏ အသင်းဝင်အဆိုပြုလွှာများကို စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးတင်မောင်ဌေးနှင့် မိသားစုဝင်တစ်ဦးတို့ကလည်းကောင်း ပေးအပ်ရာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

ရွှေဘို ဇွန် ၃၀

ရွှေဘိုခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ မြို့ပေါ် (၁၀)ရပ်ကွက်သို့ ကွင်းဆင်း၍ ဇွန်၂၄ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆောင်ရွက်ခြင်း၊ ပညာပေးခြင်းနှင့် လက်ကမ်းစာစောင် ဝေငှခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ (အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ပြင်ဦးလွင်၌ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်နိုင်ဦးက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာကျော်လှိုင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအကြောင်း၊ မြို့နယ်တရားသူကြီး ဦးချိုလွင်က မူးယစ်ဆေးဝါးနှင့် ဥပဒေအကြောင်း၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြင့်ဆွေက မူးယစ်ဆေးဝါးကင်းစင် ကျန်းမာလူငယ်ဘဝအကြောင်းတို့ကို အသိပညာပေး ဟောပြောကြသည်။

ဆုချီးမြှင့်

ထို့နောက် ခရိုင်ဥက္ကဋ္ဌဦးမင်းလွင်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသော အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်မှ ကျောင်းသားကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (၂၈၀)

ကျောက်ကြီးမြို့၌ ရေမြောင်းကူးတံတားများ ကြံ့ခိုင်ရေးဆောင်ရွက်

ကျောက်ကြီး ဇူလိုင် ၁၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းဇော်ဦးတို့သည် ဇူလိုင် ၇ ရက်က ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် ဇီဇဝါလမ်း (အထကကျောင်းလမ်း) လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းများရေမဝပ်ရေး၊ ရေမြောင်းကူးတံတားများ ကြံ့ခိုင်မှုရှိရေးနှင့် လူနေအိမ်ခြံမြေများအတွင်း ရေပိုများ ရေလွှဲမြောင်း ဖောက်ထုတ်ရေးလုပ်ငန်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ကွင်းဆင်းကြီးကြပ်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုများကို သိမ်တန်းရပ်ကွက်ဥက္ကဋ္ဌ ဦးကိုမင်းနှင့် ရပ်မိရပ်ဖများက ပံ့ပိုးကူညီပေးကြပြီး လိုအပ်ချက်များကို မြို့နယ်အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့က ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ (၂၁၁)

နိုင်ငံတော်က ကုန်သွယ်မှုကဏ္ဍတိုးတက်ရေး ရည်မှန်းချက်ထား အလေးပေးဆောင်ရွက်လျက်ရှိ တစ်ဦးချင်းအကျိုးစီးပွားထက် တစ်မျိုးသားလုံးအကျိုးစီးပွားဖြစ်ထွန်းရေး အထူးဂရုပြု အရည်အချင်းပြည့်မီသည့် ကုန်ပစ္စည်းများကိုသာ တင်ပို့တင်သွင်းခြင်းဆောင်ရွက်

တိုင်းပြည်၏ ဂုဏ်သိက္ခာကို မထိခိုက်စေရန် အရည်အသွေးစစ်အဖွဲ့ များ မှန်မှန်ကန်ကန်စစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

ပို့ကုန်သွင်းကုန်လုပ်ငန်းများမှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

အသင်းအဖွဲ့များသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကအကြား၌ ဆက်စပ်ပေါင်းကူးပေးသော အဖွဲ့အစည်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊လမ်းကြောင်းမှန်ပေါ်၌ လျှောက်လှမ်းနိုင်ရေး စည်းရုံးထိန်းသိမ်း ဆောင်ရွက်။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပို့ကုန် သွင်းကုန်လုပ်ငန်းများ မှန်ကန်ရေး ကြီးကြပ်မှုအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစီအစဉ်ဖြင့် ပျဉ်းမနားခရိုင်အတွင်းရှိ မွေးရာပါချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသ

နေပြည်တော် ဇူလိုင် ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် နေပြည်တော်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀)တို့ ပူးပေါင်းဆောင်ရွက်သည့် ပထမအကြိမ် ပျဉ်းမနားခရိုင် အတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး ချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသခြင်းနှင့် လူနာများအတွက် အလှူငွေ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အထွေထွေရောဂါကု ဆေးရုံကြီး ခုတင်(၃၀၀)၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❐

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များ နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၃၀၀)တွင် ခွဲစိတ်ကုသမှုခံယူမည့် မွေးရာပါ ချို့ယွင်းချက်ရှိလူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

15-7 (20) 1 7/15/07, 2:58 AM